ပထမ(၅)နှစ်စီမံကိန်း (၂၀၀၄-၂၀၀၅)ခုနှစ်မှ (၂၀၀၈ -၂၀၀၉)ခုနှစ်အထိ

သာယာဝတီခရိုင်ရှိ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုဖေါ်ပြချက်

နိဒါန်း

၁။ သာယာဝတီခရိုင်၊ ပဲခူးရိုးမသစ်တောများသည် ကျွန်း၊ ပျဉ်းကတိုးစသည့် အဖိုးတန် သစ်များ ပါဝင်ပေါက်ရောက်မှုများပြားပြီး၊ ရှေးယခင်က သစ်တောဖုံးလွှမ်းမှု အလွန်ကောင်းမွန်သော်လည်း ယခုအခါရိုးမပတ်ဝန်းကျင်တွင် မြို့ရွာများတိုးတက်ဖွံ့ဖြိုးလာ၍ လူဦးရေ တနေ့တခြားတိုးပွားလာခြင်းနှင့်အတူ သစ်နှင့်သစ်တော ထွက်ပစ္စည်းများ လိုအပ်ချက်အရ ထုတ်ယူသုံးစွဲရန် ရိုးမသို့ဝင်ထွက်နိုင်မှု လွယ်ကူကောင်းမွန်လာခြင်း၊ တရားမဝင်သစ်ခိုးယူမှုများလာခြင်းနှင့် လယ်ယာမြေဖေါ်ထုတ်ရန် ချဲ့ထွင်လာခြင်းတို့ကြောင့် သာယာဝတီခရိုင်၊ ပဲခူးရိုးမတွင် သစ်တောပြုန်းတီးမှုများ တိုးတက်များပြားလာပါ၍ ကြိုတင်ကာကွယ်နိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ပထမ(၅)နှစ် စီမံကိန်း ကာလ(၂၀၀၄-၂၀၀၅) ခုနှစ်မှ (၂၀၀၈-၂၀၀၉)ခုနှစ်အထိ၊ ဒုတိယ(၅)နှစ်စီမံကိန်းကို (၂၀၀၉-၂၀၁၀) မှ (၂၀၁၃-၂၀၁၄)ခုနှစ်အထိကို အကောင်အထည်ဖေါ်ဆောင်ရွက်ခဲ့ပါသည်။ တချိန်တည်းမှာပင်လျှင် စီမံကိန်းများအပေါ် ပြန်လည်စုပေါင်းစစ်ဆေးခြင်း၊ ဆွေးနွေးခြင်းနှင့်အတူသုံးသပ်၍ အကြံပြုချက်များနှင့်အတူ တင်ပြအစီရင်ခံ အပ်ပါသည်။

ရည်ရွယ်ချက်

၂။ အောက်ဖေါ်ပြပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည် -

(၁) ပဲခူးရိုးမကို ကျွန်းသစ်မျိုး ပေါက်ရောက်ဖြစ်ထွန်းရာဒေသတစ်ခုအဖြစ် ထာဝစဉ်တည်မြဲစေရန်။

(၂) ပဲခူးရိုးမတွင် သစ်တောပြုန်းတီးနေခြင်းကို သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းမှု နည်းလမ်းများဖြင့်ထိန်းသိမ်းခြင်း၊ သစ်တောဥပဒေဖြင့် ထိရောက်စွာ ကာကွယ်ပေးခြင်းတို့ဖြင့် ထိန်းသိမ်းရန် ။

(၃) စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါသော ရေရှိနိုင်ရေးအတွက် တည်ထောင်ထားသည့် ဆည်များ၏ ရေဝေရေလဲဒေသများကို စနစ်တကျထိန်းသိမ်းနိုင်ရန် ။

(၄) ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်း၊ ပုဂ္ဂလိကပိုင် ကျွန်း၊ သစ်မာစိုက်ခင်း သစ်တောလုပ်ငန်းဆောင်ရွက်ပြီး စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုစေရန် ။

(၅) ပထမ(၅)နှစ်စီမံချက် (၂၀၁၄-၂၀၁၅) ခုနှစ် မှ(၂၀၁၈-၂၀၁၉) ခုနှစ်ထိ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ဒုတိယ(၅)နှစ်စီမံကိန်း (၂၀၁၉-၂၀၁၀) ခုနှစ် မှ (၂၀၁၃-၂၀၁၄)ခုနှစ်အထိ ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်၍ ဆက်လက်ဆောင်ရွက်သွားရန် ။

မြို့နယ်အလိုက်ပထမ(၅)နှစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဆောင်ရွက်မှုအခြေအနေ

၃။ သာယာဝတီခရိုင်အတွင်း မြို့နယ်များအလိုက် (၂၀၁၄-၂၀၁၅)ခုနှစ် မှ (၂၀၁၈-၂၀၁၉) ခုနှစ်အထိ လုပ်ငန်းများ နှင့် (၂၀၁၉-၂၀၁၀)ခုနှစ် မှ (၂၀၁၃-၂၀၁၄)ခုနှစ်ထိ ဆောင်ရွက်ပြီးလုပ်ငန်းများကို နောက်ဆက်တွဲ(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)တို့အရ တင်ပြအပ်ပါသည်။ မြို့နယ်များ၏ ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများအတွက် လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာများကိုလည်း သတ်မှတ်ပုံစံစာရင်းနှင့်အတူ တင်ပြဆောင်ရွက်ပြီးစီးကြောင်း စစ်ဆေးတွေ့ရှိရ ပါသည်။

တွေ့ကြုံရသည့်အခက်အခဲများ

၄။ သာယာဝတီခရိုင်အတွင်း ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းအနေဖြင့် ပထမ(၅)နှစ် စီမံကိန်းမှ (၂၀၁၄-၂၀၁၅)ခုနှစ်မှ(၂၀၁၃-၂၀၁၄)ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများကို လုပ်ငန်းစဉ်(၁၀)ရပ်ခွဲခြား၍ အခက်အခဲများ၊ အားနည်းချက်များကို အောက်ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည်-

လုပ်ငန်းစဉ်(၁) သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်း

(၁) သတ်မှတ်နေရာဒေသတစ်ခုတွင် တစ်နှစ်တာ ကာလအတွင်းသာ ဆောင်ရွက်ရသဖြင့် အောင်မြင်ဖြစ်ထွန်းမှုကို ထင်ရှားစွာမတွေ့မြင်နိုင်ပါ။ နှစ်စဉ်ဆက်တိုက် (၃)နှစ်မှ(၅)နှစ်ထိ ဆက်လက်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ပါက ပိုမိုထိရောက် အောင်မြင်မည်ဖြစ်ပါသည်။

(၂) ဝန်ထမ်းအင်အားမှာ ခွင့်ပြုအင်အားထက် အမြဲလျော့နည်းလျက်ရှိပါ ၍ သီးသန့်တာဝန်ပေးလျက် ကြပ်မတ်ဆောင်ရွက်နိုင်ရန် အခက်အခဲ ရှိပါသည်။

(၃) တောစောင့်များ ခန့်ထားသော်လည်း ဧရိယာမှာ ကျယ်ပြန့်များပြား၍ အတိုင်းတာ တစ်ခုအထိသာ ကြီးကြပ်ဆောင်ရွက်ကြပါသည်။

(၄) နှစ်စဉ်ဧကသောင်းချီ၍နယ်နမိတ်ပြင်ဆင်ရသဖြင့်ဝန်ထမ်း၊ ငွေကြေး နှင့် အချိန်တို့ကို အံကိုက်ဖြစ်ရန် အထူးကြိုးစား စီစဉ်ဆောင်ရွက်နေ ရပါသည်။

(၅) ရန်ပုံငွေရရှိမှုနောက်ကျခြင်းနှင့်ခွင့်ပြုချန်းထားများမှာ နှစ်အလိုက်ဒေသ ပေါက်ဈေး၊ နေ့စားလုပ်အားခတို့နှင့် နှိုင်းယှဉ်ပါက နည်းပါးလျော့နည်း လျှက်ရှိနေပါသည်။

(၆) နှစ်စဉ်တောထိန်းဧက များပြားသည့်နေရာများတွင် တာဝန်ရှိသူ အဆင့်ဆင့်မှ ထိရောက်စွာစစ်ဆေးရန် လိုအပ်လျှက်ရှိပါသည်။

(၇) အခြေစိုက်ယာယီစခန်းများအား အမြဲတမ်းအသုံးပြုနိုင်ရန် ဆောက်လုပ်ရာတွင် ရန်ပုံငွေတိုးမြှင့်ပေးရန်နှင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များ ချထားပေးရန် လိုအပ်ပါသည်။

လုပ်ငန်းစဉ် (၂) သဘာဝတောတန်ဘိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်း

စနစ်တကျထိန်းချုပ်ကြီးကြပ်ရန်ခက်ခဲသော သဘာဝရှိပါသည်။

လုပ်ငန်းစဉ်(၃) ဓမ္မတာမျိုးဆက်ခြင်း

(၁) ထိန်းသိမ်းမှုရေရှည်မရှိပါကလူထုမှဝင်ရောက်ခုတ်လှဲခြင်းနှင့်ကျူးကျော်ခြင်းများ ရှိနိုင်ပါသည်။

(၂) သစ်တောဝန်ထမ်းအဖွဲ့တစ်ခုကို နှစ်စဉ်ဆက်တိုက် တာဝန်ပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

လုပ်ငန်းစဉ် (၄) စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများ

(၁) စိုက်ခင်းဧကနှင့်ညီမျှစွာ ဝန်ထမ်းအင်အား ချထားလိုပါသည်။

(၂) စိုက်ခင်းဧက များပြားသည့်အခါ စိုက်ခင်းလုပ်ငန်းအချိန်ဇယားနှင့် အညီ အချိန်မှီဆောင်ရွက်နိုင်မှု အားနည်းပါသည်။

(၃) စိုက်ခင်းဧကများပြားပါက ကျွန်း၊ ပျဉ်းကတိုး၊ သစ်စေ့စုဆောင်းမှု အချိန်မှီ ရရှိရန် အခက်အခဲများတွေ့ရပါသည်။

(၄) ကြိုတင်ရိက္ခာစရံငွေနှင့် သစ်တောကြိုတင်စရံငွေများ ထားရှိဆောင်ရွက်နိုင်ပါက လုပ်ငန်းများပိုမိုထိရောက် အောင်မြင်နိုင်ပါသည်။

(၅) ခုတ်လှဲမျိုးဆက်စီမံကိန်းနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် ကွဲလွဲမှုရှိပါသည်။ လုပ်ငန်းများကို လျာထားပမာဏပြီးစီရေးကိုသာအလေးထားဆောင်ရွက်ရပါသည်။

(၆) စိုက်ခင်းတည်ထောင်မည့်အဖွဲ့သည် လက်ရှိစိုက်ခင်းအသစ်အပြင် လွန်ခဲ့သောနှစ် စိုက်ခင်းများကိုပါ တာဝန်ယူဆောင်ရွက်နေရသဖြင့် လုပ်ငန်းတာဝန်များကြီးလေးပါသည်။

(၇) စိုက်ခင်းဧရိယာ များပြားခြင်းကြောင့် ကြီးကြပ်စစ်ဆေးမှု အဆင့်ဆင့် အားနည်းလျက်ရှိပါသည်။ကြီးကြပ်စစ်ဆေးရေးအဖွဲ့အနေဖြင့်လမ်းညွှန်မှု သာပေးနိုင်ပြီး ပံ့ပိုးမှုအားနည်းလျက်ရှိပါသည်။

လုပ်ငန်းစဉ် (၅)ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း

အဖွဲ့အစည်းနှင့်ဖြစ်၍ အများကိုစုစည်းအုပ်ချုပ်နိုင်သည့် ခေါင်းဆောင်ကောင်းမရှိနိုင်ပါက အကောင်အထည်ဖော်နိုင်ရန် အခက်အခဲရှိပါသည်။

လုပ်ငန်းစဉ် (၆)လူထုပူးပေါင်းပါဝင်စေသည့်တိုးချဲ့ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ဝေးကွာသည့်ကျေးရွာများသို့ သွားရောက်ရာတွင် လိုအပ်သည့်ပံ့ပိုးကူညီမှုများ၊ ကျွမ်းကျင်ဝန်ထမ်းများ ပေးနိုင်ပါက ပိုမိုထိရောက်အောင်မြင်မည့် လုပ်ငန်းဖြစ်ပါသည်။

လုပ်ငန်းစဉ် (၇)ထင်းအစားထိုးလောင်စာသုံးစွဲခြင်းလုပ်ငန်းများဖော်ထုတ်ခြင်း

ရန်ပုံငွေမရရှိ၍ များများမဖြန့်နိုင်ခြင်း၊ တောနေပြည်သူမှ ငွေနှင့်ဝယ်သုံး ခြင်းကို စိတ်ပါဝင်စားမှု အားနည်းခြင်းတို့ကို တွေ့ရှိရပါသည်။

လုပ်ငန်းစဉ် (၈)ရေရှိရေးလုပ်ငန်း

သာယာဝတီခရိုင်အတွင်း တည်ဆောက်ပြီးဆည်(၉)ခု ရှိပြီးဖြစ်သော ကြောင့် အထူးတင်ပြရန်မရှိပါ ။

လုပ်ငန်းစဉ် (၉)သဘာဝကျွန်းတောထိန်းသိမ်းရေးနယ်မြေများသတ်မှတ်ခြင်း

သဘာဝကျွန်းတော ထိန်းသိမ်းခြင်းနယ်မြေများကို ဆက်လက်ဆောင်ရွက်နိုင် ရန်အတွက် မှတ်တမ်းမှတ်ရာနှင့် မြေပြင်ကွင်းဆင်စစ်ဆေးမှုများ အားနည်း လျှက်ရှိပါသည်။

လုပ်ငန်းစဉ် (၁၀) သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း

စီမံကိန်းဧရိယာအတွင်း လုပ်ငန်းများ အောင်မြင်စေရေးအတွက် အထောက် အကူပြုနိုင်ရန် သစ်တောဦးစီးဌာနမှ ကြိုးကြပ်ကွပ်ကဲခြင်း၊ ပံ့ပိုးကူညီမှုပေး ခြင်းတို့ အားနည်းလျှက်ရှိကြောင်းတွေ့ရပါသည်။

သုံးသပ်ချက်နှင့်အကြံပြုချက်များ

၅။ သာယာဝတီခရိုင်အတွင်း ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို(၂၀၀၄-၀၅)ခုနှစ် မှ (၂၀၁၃-၁၄)ခုနှစ်ထိ ဆောင်ရွက်ပြီးစီးမှုများအပေါ် အဆင့်ဆင့်စစ်ဆေးခဲ့သော အစီရင်ခံစာများအရ လည်းကောင်း၊ခရိုင်နှင့်မြို့နယ်တို့၏လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆွေးနွေးခြင်းနှင့် အကြံပြု ချက်များအရလည်းကောင်း၊ တတိယ(၅)နှစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင် ရန် အောက်ဖော်ပြပါ သုံးသပ်ချက်များအကြံပြုချက်များကို တင်ပြအပ်ပါသည်။

(၁) သဘာဝတောထိန်းခြင်းလုပ်ငန်းအနေဖြင့် သစ်တောဧရိယာများအတွင်း အဓိကအဝင် အထွက် လမ်းမကြီးများအပေါ်တွင် ထိန်းသိမ်းရေးစခန်းများအား အခိုင်အမာ ဆောက် လုပ်၍ လုံလောက်သောဝန်ထမ်းအဖွဲ့ဖြင့် အချိန်ပြည့်နေထိုင်လျှက် သဘာဝတောများကို ထိန်းသိမ်းကာကွယ်ခြင်း ဆောင်ရွက်ရန် ။

(၂) တရားမဝင်သစ် နှင့် သစ်တောထွက်ပစ္စည်းများ ခိုးယူသယ်ဆောင်ခြင်း လုပ်ငန်းများ ပပျောက်စေရန် ထိန်းသိမ်းရေးဝန်ထမ်းများ သီးသန့်ဖွဲ့စည်း တာဝန်ပေးအပ်သည့် အပြင် အစောင့်လုပ်သားများခန့်ထားပေးပြီး တောတွင်း၌အချိန်ပြည့် စခန်းချနေထိုင် လျှက်လှည့်ကင်းများဖြင့် အခါမလပ်လှည့်လည်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန် ။

(၃) သဘာဝတောတန်ဘိုးမြင့် စိုက်ပျိုးခြင်းလုပ်ငန်းအနေဖြင့် အဖိုးတန်သစ်မျိုးများဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ရေမနေ စသည့်သစ်စေ့များဖြင့် စုဆောင်း၍ သစ်စေ့များဖြင့် တိုက်ရိုက်စိုက်ပျိုးခြင်းနှင့် ပျိုးထောင်သည့်ပျိုးပင်များဖြင့် စိုက်ပျိုးခြင်းတို့ကို သဘာဝတောအတွင်း ကွက်လပ်များတွင်လည်းကောင်း၊ ကျူးကျော်တောငယာနှင့် ဖုန်းဆိုးတောများတွင် လည်းကောင်းစိုက်ပျိုးပြီးနောက် ဆက်လက်ပြုစု ထိန်းသိမ်းစောင့်ရှောက်သွားရန် ။

(၄) ဓမ္မတာမျိုးဆက်ခြင်း သစ်တောဖုံးလွှမ်းသည့် ဧရိယာများတွင် အဖိုးတန်သစ်မျိုးများ၏ မျိုးဆက်ခြင်းကောင်းမွန်စေရန်အတွက် မလိုအပ်သည့်သစ်များ အပင်နှင့်ပေါင်းများကို ရှင်းလင်းပေးခြင်း၊ အလင်းဖွင့်ပေးခြင်း၊ ကိုင်းတက်များပြုပြင်ခြင်း၊ ငုတ်တက်ခွန်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပြီးနောက် နှစ်စဉ်ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်သွားစေရန် ။

(၅) သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဆက်တိုက် လျာထားချက်များကိုအကောင်အထည်ဖော်ရာတွင် ဝန်ထမ်းအင်အားအခြေအနေအရ တာဝန်ကျဝန်ထမ်းအဖွဲ့သည် နှစ်စဉ်စိုက်ခင်းများ တည်ထောင်လုပ်ကိုင်ခြင်းကိုသာ အဓိကဦးစားပေးဆောင်ရွက်နေရပြီး စိုက်ခင်းဟောင်းများပေါ်တွင် ကိုယ်ဖိရင်ဖိလုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အရေးနည်းပါးလာခြင်း ။

(၆) သစ်တောစိုက်ခင်းစခန်းများကို အခိုင်အမာတည်ဆောက်ပေးရေး နှစ်စဉ်ဆက်တိုက် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ အခြေချနေထိုင်ဆောင်ရွက်စေရန် ။

(၇) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် စံပြသစ်တောကျေးရွာတည်ထောင်ခြင်းလုပ်ငန်းများကို ရွှေ့ပြောင်းတောင်ယာစနစ် လျော့နည်းပပျောက်စေရန်နှင့် ရေရှည်သစ်တော တည်တံ့စေခြင်းအတွက် အထောက်အကူပြုစေရန် ရည်ရွယ်လျှက် စည်းရုံးဆောင်ရွက်ခြင်းနှင့်အတူ ဒေသခံတို့အတွက် သင့်လျော်မှန်ကန်သည့် ကြိုးဝိုင်းနှင့်အကွက်တို့အား သတ်သတ်မှတ်မှတ်ထား၍ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်လုပ်ကိုင် ခွင့်ပြုသွားရန်။

(၈) တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ၊ သဘာဝကျွန်းတောများအား ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများနှင့် သစ်တောသုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ဌာနခွဲနှင့်ကုမ္ပဏီအဖွဲ့အစည်းများတို့၏အကူအညီများရယူ၍လည်းကောင်း ၊ပူးပေါင်းဆောင်ရွက်၍လည်းကောင်း ၊ နှစ်စဉ်တိုးချဲ့ ဆောင်ရွက်သွားစေရန် ။

ဆက်လက်ဆောင်ရွက်သင့်သောလုပ်ငန်းများနှင့်ဆောင်ရွက်သင့်သောနည်လမ်း

၆။ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်(၁၀)ရပ်အား ပထမ(၅)နှစ် စီမံကိန်းကာလနှင့် ဒုတိယ (၅) နှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအပေါ်အခြေခံ၍ ရေရှည်ရေးလုပ်ငန်းမှအပကျန်လုပ်ငန်းများကို မြေပြင်အခြေအနေ၊ ဝန်ထမ်းအင်အား၊ ငွေကြေးနှင့်ဌာန၏ အစီအစဉ်များအရ တတိယ(၅) နှစ်စီမံကိန်း (၂၀၁၄-၂၀၁၅) ခုနှစ်မှ (၂၀၁၈-၂၀၁၉) ခုနှစ်အထိ လုပ်ငန်းစီမံချက်များ ရေးဆွဲလျှက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါ သည်။

ပံ့ပိုးရန်လိုအပ်မည့်အချက်များ

၇။ သာယာဝတီခရိုင်အတွင်းပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုဆက်လက်၍အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ဖေါ်ပြပါအချက်များကို ဖြည့်ဆည်းပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်-

(၁) လုပ်ငန်းပမာဏများပြားသည်နှင့်အမျှ ဝန်ထမ်းအင်အား ပိုမိုတိုးမြှင့်ရရှိရေးအတွက် ဝန်ထမ်းအသစ်များ ခန့်ထားပေးရန်နှင့် ဝန်ထမ်းငယ်များမှ ရာထူးတိုးမြှင့်ပေးသင့်သူများ ရာထူးတိုးမြှင့်ပေးပါရန် ။

(၂) ဆေးအဆင့်မမှီသော ဝန်ထမ်းများအား အငြိမ်းစားပေး၍ ဝန်ထမ်းသစ်များဖြင့် အစားထိုး ခန့်ထားပေးရန် ။

(၃) သစ်တောဝန်ထမ်းအသစ် ခန့်ထားပေးပါက တောတွင်းအမှန်နေထိုင် လုပ်ကိုင်လိုသူများကိုသာ ဦးစားပေးခန့်ထားပေးရန်။

(၄) ခွင့်ပြုရန်ပုံငွေများကို နှစ်အလိုက်ဒေသပေါက်ဈေး၊ နေ့စားလုပ်အားခအပေါ်မူတည်၍ ချမှတ်ပေးပါရန်နှင့်အချိန်မှီငွေကြေးလည်ပတ်နိုင်ရေးအတွက်ကြိုတင်စရံငွေနှင့် ကြိုတင်ရိက္ခာစရံငွေများ ပြန်လည်ခွင့်ပြုပေးပါရန် ။

(၅) သစ်တောစခန်းများကို စိုက်ခင်းအလိုက် ကြာရှည်အသုံးပြုနိုင်ရန် ရေရှည်တည်တံ့မည့်အဆောက်အဦးပုံစံနှင့် ခွင့်ပြုတည်ဆောက်ပေးပါရန် ။

(၆) သစ်တောလုပ်ငန်းအားလုံးကို အခြေခံယူနစ်ဖြစ်သော ကြိုးဝိုင်းအကွက်အလိုက်ပြီးပြတ်အောင် အဓိကဦးတည်ဆောင်ရွက်စေရန် ။

(၇) ငါးနှစ်စီမံကိန်းကို လုပ်ငန်းအလိုက်ပြည့်စုံသော ကွက်စိပ်စီမံကိန်းဖြင့်သာ ဆောင်ရွက်စေရန် ။

(၈) ဖြစ်နိုင်ပါက လုပ်ငန်းတစ်ခုချင်းအလိုက် တာဝန်ပေးထားသော ဝန်ထမ်းအဖွဲ့အား (၂) နှစ်မှ(၃)နှစ်အထိ အခြားတာဝန်များကိုမပေးအပ်ဘဲ ဆက်လက်တာဝန်ယူ အောင်မြင်အောင် ဆောင်ရွက်စေရန်၊ နှစ်စဉ်လုပ်ငန်းအသစ်ကို ဝန်ထမ်းအဖွဲ့အသစ်ကိုသာ တာဝန်ပေးစေရန် ။

(၉) အဆင်ဆင့်ကြီးကြပ်ကွပ်ကဲစစ်ဆေးမှု ပြုလုပ်ရန်လိုအပ်သကဲ့သို့ လိုအပ်ချက်များကို အချိန်နှင့် တပြေးညီ ပံ့ပိုးဆောင်ရွက်ပေးနိုင်ပါရန် ။

(၁၀) လုပ်ငန်းသုံးယာဉ်များ၊ စက်ကရိယာများ၊ အထောက်အကူပစ္စည်းများ ကောင်းမွန်စွာ ရရှိစေရန်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် အသစ်များ လဲလှယ်ချထားပေးရန်။

(၁၁) ဆက်သွယ်ရေးလုပ်ငန်း ပိုမိုကောင်းမွန်စေရန် ခေတ်မှီကရိယာများ လိုအပ်သဖြင့် ပံ့ပိုးပေးပါရန် ။

(၁၂) တောတွင်းလုပ်ငန်းသွားလာဆောင်ရွက်ရာတွင်ဝန်ထမ်းများ၏ လုံခြုံရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပါရန် ။

နိဂုံး

၈။ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် နိုင်ငံတော်အတွက်အလွန်အရေးပါသော စီမံကိန်းတစ်ရပ်ဖြစ်ပြီး၊ တတိယ(၅)နှစ်စီမံကိန်း လုပ်ငန်းများကို ထိရောက်အောင်မြင်စေရန်၊ ဒုတိယ (၅)နှစ်စီမံကိန်းလုပ်ငန်းများအပေါ် အခြေခံ၍ ပိုမိုကောင်းမွန်သော အစီအစဉ်၊ အစီအမံများဖြင့် ခွင့်ပြုသော အခြေအနေအပေါ် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နှစ်ရှည်လများ ဆောင်ရွက်ရမည့် လုပ်ငန်းအဖြစ်ခံယူပြီး ဇွဲဖြင့်နည်းမျိုးစုံဖြင့် ကြိုးပမ်းသလောက် အောင်မြင်မည် ဖြစ်ပါကြောင်းနှင့် အောင်မြင်သည်နှင့်အမျှ နိုင်ငံတော်အတွက်သာမက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတစ်ခုအဖြစ်ပါ တန်ဖိုးထားရသော စီမံကိန်းလုပ်ငန်းဖြစ်ပါကြောင်း ယုံကြည်စွာဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ပါမည့်အကြောင်း တင်ပြအပ်ပါသည်။

ဒုတိယ(၅)နှစ်စီမံကိန်းကာလ(၂၀၀၉-၂၀၁၀)ခုနှစ်မှ (၂၀၁၃-၂၀၁၄)ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီမှုအား ဇယား(၅-၉-၁)ဖြင့် လည်းကောင်း၊ (၂၀၁၄-၂၀၁၅)ခုနှစ်မှ (၂၀၁၈-၂၀၁၉)ခုနှစ်အထိ ဆောင်ရွက်မည့်အစီအစဉ်ကို ဇယား(၅-၉-၂)ဖြင့် ဖော်ပြထားပါသည်။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ၂၀၀၉-၁၀ ခုနှစ် မှ ၂၀၁၃ - ၁၄ ခုနှစ်အထိ သာယာဝတီခရိုင်၏ ဒုတိယ(၅)နှစ်စီမံကိန်းလုပ်ငန်းများပြီးစီးမှု

ဧယား(၅-၉-၁)

စဉ်	လုပ်ငန်းအမည်	ရေတွက်ပုံ	ပေါင်း		
			လျာထား	ပြီးစီး	%
(၁)	(၂)	(၃)	(၄)	(၅)	(၆)
	သာယာဝတီခရိုင်				
၁	သဘာဝတောထိန်းသိမ်းခြင်း				
	(က)နှစ်စဉ်ခုတ်လှဲမည့်ပမာဏ(အေအေစီ)ကိုထိန်းခြင်း(ကျွန်း)	ပင်	၁၆၉၅၁၇	၁၆၉၅၁၇	၁၀၀.၀၀
	(ခ)ခုတ်လှဲစည်းကမ်းသတ်မှတ်ချက်အတိုင်းဆောင်ရွက်ခြင်း(သစ်မာ)	ပင်	၁၉၇၆၀	၂၆၅၆၆	၁၃၄.၄၄
	(ဂ)သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုကိုစနစ်တကျကြပ်မတ်ဆောင်ရွက်ခြင်း	နယ်	၉၇၀၃၀	၁၁၄၀၃၂	၁၁၇.၅၂
	၁။ ဘိနယ်များတာဝန်ချထားခြင်း		၂၅၆	၂၅၆	၁၀၀.၀၀
	(ဃ)ကြိုးဝိုင်း/ကြိုးပြင်/အကွက်နယ်နိမိတ်အမှတ်အသားများပြင်ဆင်ခြင်း				
	၁။ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	မိုင်	၁၇၆	၁၇၆	၁၀၀.၀၀
	၂။အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	မိုင်	၁၀၀	၁၀၀	၁၀၀.၀၀
	၃။ကြိုးဝိုင်းဘုတ်တိုင်စိုက်ထူခြင်း	တိုင်	-	-	
	၄။အကွက်ဘုတ်တိုင်စိုက်ထူခြင်း	တိုင်	-	-	
	၅။မှန်ထစ်ပြုလုပ်ခြင်း	ခု	-	-	
	၆။ကြိုးဝိုင်းဆိုင်းဘုတ်ဆိုက်ခြင်း	ခု	၈၆	၈၆	၁၀၀.၀၀
	၇။ကြော်ငြာပျဉ်ပြားကပ်ခြင်း	ခု	၈၃၀	၈၃၀	၁၀၀.၀၀
	၈။သဘာဝတောထိန်းဘုတ်တိုင်စိုက်ြခင်း	တိုင်			
	၉။စစ်ဆေးလမ်းဖောက်ခြင်း	မိုင်	၇၀	၇၀	၁၀၀.၀၀
	(ငြကြိုးဝိုင်း/ကြိုးပြင်/အကွက်တောများတွင်ကျူးကျော် တောင်ယာများတွင် စာရင်းကောက်ရန်နှင့် ဆက်လက်ကျူးကျော်မှုမရှိစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း				
	၁။ စာရင်းကောက်ခြင်း	ဧက	-	-	
	၂။ကျူးကျော်တောင်ယာများစစ်ဆေးအရေးယူခြင်း	ဧက	-	-	
	(စ)ကျူးကျော်နယ်မြေအတွင်းကျူးကျော်ခုတ်လှဲခြင်းမပြုရန် ကြော်ငြာဆိုင်း ဘုတ်များစိုက်ထူ၍သတိပေးတားမြစ်ခြင်း		-	-	
	၁။ပုဒ်မ(၁၄၄)ဆိုင်းဘုတ်ဆိုက်ထူခြင်း	ခု	-	-	
	၂။သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း	ခု	-	-	
	(ဆ)သစ်တောထိန်းသိမ်းရန်အစောင့်များတာဝန်ချထား၍စောင့်ရှောက်ကာကွယ်ခြင်း				
	၁။စခန်းတဲများဆောက်လုပ်ခြင်း	ခု	၃၅	၃၅	၁၀၀.၀၀
	၂။အစောင့်တဲများဆောက်လုပ်ခြင်း	ခု			
	၃။တောစောင့်ခန့်ထားခြင်း	ဦး	၃၅	၃၅	၁၀၀.၀၀
	(ဇ)တရားမဝင်သစ်ခိုးထုတ်မှုကိုကာကွယ်ခြင်း				
	၁။နယ်လှည့်စစ်ဆေးခြင်း	ကြိမ်	-	၁၂၁၅	
	၂။ရှောင်တခင်စစ်ဆေးခြင်း	ကြိမ်	-	၈၂၆	
	၃။ဖမ်းဆီးရမိခြင်း	မှု	-	၁၇၈၂	

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ၂၀၀၉-၁၀ ခုနှစ် မှ ၂၀၁၃ - ၁၄ ခုနှစ်အထိ သာယာဝတီခရိုင်၏ ဒုတိယ(၅)နှစ်စီမံကိန်းလုပ်ငန်းများပြီးစီးမှု

ဧယား(၅-၉-၁)

စဉ်	လုပ်ငန်းအမည်	ရေတွက်ပုံ	ပေါင်း		
			လျာထား	ပြီးစီး	%
(၁)	(၂)	(၃)	(၄)	(၅)	(၆)
	ကျွန်း	တန်	-	၁၅၃၇	
	သစ်မာ	တန်	-	၁၁၁၈	
	အခြား	တန်	-	၇၆၇	
	အမှု	မှု			
၂	သဘာဝတောတန်ဘိုးမြှင့်ထိန်သိမ်းခြင်း				
	(က)ပျိုးပင်စိုက်ခြင်း	ဧက	၂၃၀၀	၂၃၀၀	၁၀၀
	(ခ)သစ်စေ့များဆူးထိုးစိုက်ပျိုးခြင်း	ဧက	-	-	
	(ဂ)ငုတ်တက်ဖြင့်စိုက်ပျိုးခြင်း	ဧက	-	-	
၃	ဓမ္မတာမျိုးစပ်ခြင်း(အလင်းဖွင့်ခြင်း၊ငုတ်တက်ချွန်ခြင်း၊နွယ်ဖြတ်ခြင်း၊ရှင်းလင်းခြင်း)	ဧက	၁၀၆၁၀	၁၀၆၁၀	၁၀၀
၄	စိုက်ခင်းတည်ထောင်ခြင်း				
	က။ကျွန်း	ဧက	၁၀၉၀၀	၁၀၉၀၀	၁၀၀
	ခ။သီးခြားကျွန်း	ဧက			
	ဂ။စီးပွားရေး(ပျဉ်းကတိုး)	ဧက	၃၀၀	၃၀၀	၁၀၀
	ဃ။ရေဝေရေလဲ	ဧက	၁၅၀၀	၁၅၀၀	၁၀၀
	င ။ကျေး/ထင်း	ဧက	-	-	
	စ။ကြက်ဆူ	ဧက	-	-	
	ဆ။ကျေးရွာပိုင်စိုက်ခင်း	ဧက	-	-	
	ဇ။မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်(လူထုဖြန့်)	ပင်	-	-	
	ဈ။ ပျိုးဥယျာဉ်လုပ်ငန်းဆောင်ရွက်ခြင်း		-	-	
	၁။ သစ်စေ့စုဆောင်ခြင်း	ပြည်	-	-	
	၂။ပျိုးပင်ပျိုးထောင်ခြင်း	ပင်	-	-	
	၃။ဖြန့်ဖြူးစိုက်ပျိုးခြင်း	ပင်	၁၁၄၂၀၀	၁၁၄၂၀၀	၁၀၀
၅	ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းစံပြ				
	သစ်တောကျေးရွာတည်ထောင်ခြင်း	ဧက	-	-	
	က။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း	ဧက	-	-	
	၁။ဝါးစိုက်ခင်း	ဧက	-	-	
	၂။ကျေးရွာပိုင်ထင်းစိုက်ခင်း	ဧက	-	-	
	၃။သီးနှံသစ်တောရောနှောစိုက်ခင်း	ဧက	၃၀	၃၀	၁၀၀

ဇစ်မြစ်-သာယာဝတီခရိုင်၊သစ်တောဦးစီးဌာန။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ၂၀၀၉-၁၀ ခုနှစ် မှ ၂၀၁၃ - ၁၄ ခုနှစ်အထိ သာယာဝတီခရိုင်၏ ဒုတိယ(၅)နှစ်စီမံကိန်းလုပ်ငန်းများပြီးစီးမှု

ဧယား(၅-၉-၁)

စဉ်	လုပ်ငန်းအမည်	ရေတွက်ပုံ	ပေါင်း		
			လျာထား	ပြီးစီး	%
(၁)	(၂)	(၃)	(၄)	(၅)	(၆)
	- နှစ်ရှည်သီးပင်/ စားပင်ပျိုးထောင်ခြင်း	ပင်	-	-	
	- နှစ်ရှည်သီးပင်/ စားပင်ဖြန့်ဝေခြင်း	ပင်	-	-	
	- သစ်တောရောနှောစိုက်ခင်းတည်ထောင်ခြင်း	ဧက	-	-	
	ခ ။စံပြသစ်တောကျေးရွာတည်ထောင်ခြင်း	ရွာ	-	-	
၆	လူထုပူးပေါင်းပါဝင်လာစေသည့် တိုးချဲ့ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း				
	က။နယ်လှည့်စည်းရုံးခြင်း	ကြိမ်	-	၅၇၂	
	ခ ။လက်ကမ်းစာဆောင်ဖြန့်ဝေခြင်း	စောင်	-	၁၁၀၆၄	
	ဂ။အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း/ဟောပြောပွဲများပြုလုပ်ခြင်း	ကြိမ်	-	၁၇၄	
	ဃ။သင်တန်းပို့ချခြင်း	ကြိမ်	-	၉	
၇	ထင်းအစားထိုးလောင်စာသုံးစွဲရေးဖော်ထုတ်ခြင်း				
	က။စွမ်းအားမြှင့် အေ - ၁ မီးဖို ဖြန့်ဖြူးခြင်း	ခု	-	၁၆၀၀	
	ခ။စပါးခွံမီးဖိုဖြန့်ဖြူးခြင်း	ခု	-	-	
	ဂ။လောင်စာတောင့်များဖြန့်ဖြူးခြင်း	တောင့်	-	၃၉၀၀၀၀	
	ဃ။စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြန့်ဖြူးခြင်း	တန်	-	-	
၈	ရေရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း				
	က။ရေကန်ငယ်တူးဖော်ခြင်း	ကန်	-	-	
	ခ။အဝီစိတွင်းတူးဖော်ခြင်း	တွင်း	-	-	
	ဂ။နုန်းတားဆည်တည်ဆောက်ခြင်း	ခု	-	-	
၉	သဘာဝကျွန်းတောထိန်သိမ်းရေးနယ်မြေများသတ်မှတ်ခြင်း				
	က။သစ်စေ့ထုတ်ဧရိယာ	ဧက	၂၉၀	၂၄၀	၈၂.၇၅
	ခ။ကျွန်းမျိုးသန့်ဧရိယာ	ဧက	-	-	
	ဂ။သဘာဝကျွန်းတောကောင်းများသတ်မှတ်ခြင်း	ဧက	-	-	
၁၀	သစ်တောသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း	ကွက်	-	-	

ဧစ်မြစ်-သာယာဝတီခရိုင်၊သစ်တောဦးစီးဌာန။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ၂၀၁၄-၁၅ ခုနှစ် မှ ၂၀၁၈ - ၁၉ ခုနှစ်အထိ သာယာဝတီခရိုင်၏ တတိယ(၅)နှစ်စီမံကိန်းလုပ်ငန်းများပြီးစီးမှု

ဧယား(၅-၉-၁)

စဉ်	လုပ်ငန်းအမည်	ရေတွက်ပုံ	ပေါင်း		
			လျာထား	ပြီးစီး	%
(၁)	(၂)	(၃)	(၄)	(၅)	(၆)
	သာယာဝတီခရိုင်				
၁	သဘာဝတောထိန်းသိမ်းခြင်း	ဧက	၃၀၆၀၂	၇၆၇၅	၂၅.၀၈
	(က)နှစ်စဉ်ခုတ်လှဲမည့်ပမာဏ(အေအေစီ)ကိုထိန်းခြင်း(ကျွန်း)	ပင်	-	-	-
	(ခ)ခုတ်လှဲစည်းကမ်းသတ်မှတ်ချက်အတိုင်းဆောင်ရွက်ခြင်း(သစ်မာ)	ပင်	-	-	-
	(ဂ)သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ခြင်း	နယ်	-	-	-
	၁။ ဘိနယ်များတာဝန်ချထားခြင်း			၅၁	
	(ဃ)ကြိုးဝိုင်း/ကြိုးပြင်/အကွက်နယ်နိမိတ်အမှတ်အသားများပြင်ဆင်ခြင်း				
	၁။ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	မိုင်	၅	၅	၁၀၀
	၂။အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	မိုင်	-	-	-
	၃။ကြိုးဝိုင်းဘုတ်တိုင်စိုက်ထူခြင်း	တိုင်	-	-	-
	၄။အကွက်ဘုတ်တိုင်စိုက်ထူခြင်း	တိုင်	-	-	-
	၅။မှန်ထစ်ပြုလုပ်ခြင်း	ခု	-	-	-
	၆။ကြိုးဝိုင်းဆိုင်းဘုတ်ဆိုက်ခြင်း	ခု	၉	၉	၁၀၀
	၇။ကြော်ငြာပျဉ်ပြားကပ်ခြင်း	ခု	၇၃	၇၃	၁၀၀
	၈။သဘာဝတောထိန်းဘုတ်တိုင်စိုက်ခြင်း	တိုင်	-	-	-
	၉။စစ်ဆေးလမ်းဖောက်လုပ်ခြင်း	မိုင်	၅	၅	၁၀၀
	(င) ကြိုးဝိုင်း/ကြိုးပြင်/အကွက်တောများတွင်ကျူးကျော် တောင်ယာများတွင်စာရင်းကောက်ရန်နှင့်ဆက်လက်ကျူးကျော်မှုမရှိစေရန် အစီအမံများချမှတ်ဆောင်ရွက်ခြင်း				
	၁။ စာရင်းကောက်ခြင်း	ဧက	-	-	-
	၂။ကျူးကျော်တောင်ယာများစစ်ဆေးအရေးယူခြင်း	ဧက	-	-	-
	(စ) ကျူးကျော်နယ်မြေအတွင်းကျူးကျော်ခုတ်လှဲခြင်းမပြုရန် ကြော်ငြာဆိုင်းဘုတ်များစိုက်ထူ၍သတိပေးတားမြစ်ခြင်း				
	၁။ပုဒ်မ(၁၄၄)ဆိုင်းဘုတ်ဆိုက်ထူခြင်း	ခု	-	-	-
	၂။သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း	ခု	-	-	-
	(ဆ) သစ်တောထိန်းသိမ်းရန်အစောင့်များတာဝန်ချထား၍ စောင့်ရှောက်ကာကွယ်ခြင်း				
	၁။စခန်းတဲများဆောက်လုပ်ခြင်း	ခု	-	-	-
	၂။အစောင့်တဲများဆောက်လုပ်ခြင်း	ခု	-	-	-
	၃။တောစောင့်ခန့်ထားခြင်း	ဦး	-	-	-
	(ဇ)တရားမဝင်သစ်ခိုးထုတ်မှုကိုကာကွယ်ခြင်း				
	၁။နယ်လှည့်စစ်ဆေးခြင်း	ကြိမ်	-	၂၉၁	

စဉ်	လုပ်ငန်းအမည်	ရေတွက်ပုံ	ပေါင်း		
			လျာထား	ပြီးစီး	%
(၁)	(၂)	(၃)	(၄)	(၅)	(၆)
	၂။ရှောင်တခင်စစ်ဆေးခြင်း	ကြိမ်	-	၁၂၉	
	၃။ဖမ်းဆီးရမိခြင်း				
	ကျွန်း	တန်	-	၉၆၆	
	သစ်မာ	တန်	-	၃၁၅	
	အခြား	တန်	-	၃၂၈	
	အမှု	မှု	-	၇၉၈	
၂	သဘာဝတောတန်ဘိုးမြင့်ထိန်သိမ်းခြင်း	ဧက	၂၀၂၀	၈၂၀	၄၀.၅၉
	(က)ပျိုးပင်စိုက်ခြင်း				
	(ခ)သစ်စေ့များဆူးထိုးစိုက်ပျိုးခြင်း				
	(ဂ)ငုတ်တက်ဖြင့်စိုက်ပျိုးခြင်း				
၃	ဓမ္မတာမျိုးစပ်ခြင်း(အလင်းဖွင့်ခြင်း၊ငုတ်တက်ချန်ခြင်း၊နွယ်ဖြတ်ခြင်း၊ ရှင်းလင်းခြင်း)	ဧက	၁၀၁၀၀	၂၁၀၀	၂၀.၇၉
၄	စိုက်ခင်းတည်ထောင်ခြင်း				
	(က)ကျွန်း	ဧက	၂၈၅၀	၇၀၀	၂၄.၅၆
	(ခ)သီးခြားကျွန်း	ဧက	-	-	
	(ဂ)စီးပွားရေး(ပျဉ်းကတိုး)	ဧက	-	-	
	(ဃ)ရေဝေရေလဲ	ဧက	-	-	
	(င)ကျေး/ထင်း	ဧက	-	-	
	(စ)ကြက်ဆူ	ဧက	-	-	
	(ဆ)ကျေးရွာပိုင်စိုက်ခင်း	ဧက	-	-	
	(ဇ)မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်(လူထုဖြန့်)	ပင်	၁၇၅၀၀၀	၇၀၀၀၀	၄၀
	(ဈ)ပျိုးဥယျာဉ်လုပ်ငန်းဆောင်ရွက်ခြင်း				
	၁။ သစ်စေ့စုဆောင်ခြင်း	ပြည်	-	-	
	၂။ပျိုးပင်ပျိုးထောင်ခြင်း	ပင်	-	-	
၅	ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းစံပြ သစ်တောကျေးရွာတည်ထောင်ခြင်း	ဧက	-	-	
	(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း	ဧက	-	-	
	၁။ဝါးစိုက်ခင်း	ဧက	-	-	
	၂။ကျေးရွာပိုင်ထင်းစိုက်ခင်း	ဧက	-	-	
	၃။သီးနှံသစ်တောရောနှောစိုက်ခင်း	ဧက	၅၀	၂၀	၄၀
	- နှစ်ရှည်သီးပင်/ စားပင်ပျိုးထောင်ခြင်း	ပင်	-	-	-
	- နှစ်ရှည်သီးပင်/ စားပင်ဖြန့်ဝေခြင်း	ပင်	-	-	-
	- သစ်တောရောနှောစိုက်ခင်းတည်ထောင်ခြင်း	ဧက	-	-	-
	(ခ)စံပြသစ်တောကျေးရွာတည်ထောင်ခြင်း	ရွာ	-	-	-
၆	လူထုပူးပေါင်းပါဝင်လာစေသည့်တိုးချဲ့ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း				
	(က)နယ်လှည့်စည်းရုံးခြင်း	ကြိမ်	-	၆၄	
	(ခ)လက်ကမ်းစာဆောင်ဖြန့်ဝေခြင်း	စောင်	-	၁၉၈၄	
	(ဂ)အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း/ဟောပြောပွဲများပြုလုပ်ခြင်း	ကြိမ်	-	၂၃	
	(ဃ)သင်တန်းပို့ချခြင်း	ကြိမ်	-	-	
၇	ထင်းအစားထိုးလောင်စာသုံးစွဲရေးဖော်ထုတ်ခြင်း				
	(က)စွမ်းအားမြှင့် အေဝမ်း မီးဖို ဖြန့်ဖြူးခြင်း	ခု	-	၁၆၀၀	

စဉ်	လုပ်ငန်းအမည်	ရေတွက်ပုံ	ပေါင်း		
			လျာထား	ပြီးစီး	%
(၁)	(၂)	(၃)	(၄)	(၅)	(၆)
	(ခ)စပါးခွံမီးဖိုဖြန့်ဖြူးခြင်း	ခု	-	-	
	(ဂ)လောင်စာတောင့်များဖြန့်ဖြူးခြင်း	တောင့်	-	၆၀၀၀၀	
	(ဃ)စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြန့်ဖြူးခြင်း	တန်	-	-	-
၈	ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း				
	(က)ရေကန်ငယ်တူးဖော်ခြင်း	ကန်	-	-	
	(ခ)အဝီစိတွင်းတူးဖော်ခြင်း	တွင်း	-	-	
	(ဂ)နုန်းတားဆည်တည်ဆောက်ခြင်း				
၉	သဘာဝကျွန်းတောထိန်သိမ်းရေးနယ်မြေများသတ်မှတ်ခြင်း				
	(က)သစ်စေ့ထုတ်ဧရိယာ	ဧက	-	-	
	(ခ)ကျွန်းမျိုးသန့်ဧရိယာ	ဧက	-	-	
	(ဂ)သဘာဝကျွန်းတောကောင်းများသတ်မှတ်ခြင်း	ဧက	-	-	
၁၀	သစ်တောသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း	ကွက်	-	-	

ဧစ်မြစ်-သာယာဝတီခရိုင်၊သစ်တောဦးစီးဌာန။

၆။ နိဂုံး

သာယာဝတီခရိုင်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအား လက်မှုလယ်ယာစနစ်ဖြင့် အဓိက လုပ်ကိုင်ခြင်း၊ စိုက်ပျိုးသီးနှံများတွင် စပါးကိုအဓိက အားထားလုပ်ကိုင်ကြပြီး သစ်တောထိန်းသိမ်းမှုအနေဖြင့် မြေယာချဲ့ထွင်မှု၊ စိုက်ပျိုးမြေချဲ့ထွင်မှု၊တည်ဆောက်ရေးနှင့်အဆောက်အဦးလုပ်ငန်းများကြောင့် တောပျက်စီးမှုများ တွေ့ရှိရပါသည်။ ထုတ်လုပ်မှုနှင့် လိုအပ်ချက် မညီမျှသဖြင့် တရားမဝင်သစ်ထုတ်ယူခြင်းများ ဆက်လက်ဖြစ်ပေါ်နိုင်မည်ဖြစ်၍ သစ်တောထိန်း သိမ်းရေးအတွက် ပြည်သူလူထုပါဝင်လာစေရန် နည်းအမျိုးမျိုးစည်းရုံးချဉ်းကပ်ပြီး လုပ်ကိုင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ပါသည်။ သို့သော် အရှိန်အဟုန်မြှင့် ဆက်လက်ထိန်းသိမ်းရေးအတွက် သစ်တောဦးစီးဌာနတွင် လူအား၊ ငွေအား၊ ယန္တရားအင်အားများဖြင့် တွန်းအားပေး၍ ပေါ်လွင်ထင်ရှားအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။

အပိုင်း(၂)
အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု

၇။ သစ်တောမူဝါဒ

- (၁၉၉၂)ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၀(ခ)တွင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့်စပ်လျဉ်းသည့် စီမံကိန်းများကိုရေးဆွဲ၍ သစ်တောရေးရာဝန်ကြီးထံတင်ပြရမည်ဟု ဖော်ပြထားပါသည်။
- (၁၉၉၅)ခုနှစ်၊မြန်မာ့သစ်တောမူဝါဒ၊ သဘောထားကြေညာချက် အခန်း(၃-ဖ)တွင် လည်း သစ်တောကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ယေဘူယျလမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များ ချမှတ် ပေးနိုင်မည့် (၁၀)နှစ်စီမံကိန်းတစ်ရပ်ကို ရေးဆွဲသွားရန် မူဝါဒလုပ်ငန်း တစ်ရပ် အဖြစ် ဖော်ပြထားပါသည်။
- ထို့အပြင်(၁၉၉၅)ခုနှစ်၊ အမျိုးသားသစ်တောရေးရာ ဆောင်ရွက်မှုစီမံချက်၊ သစ်တော အုပ်ချုပ်လုပ်ကိုင်မှုအပိုင်းတွင် ဖော်ပြထားသည့် အုပ်ချုပ်လုပ်ကိုင်မှု နယ်မြေတစ်ခုစီ အတွက် ဘက်စုံအသုံးချအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ရေးဆွဲရန် အကြံပြုထား ပါသည်။
- စနစ်တကျရေးဆွဲထားသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ မရှိဘဲ သစ်တော များကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်နိုင်မည်မဟုတ်ပါ။ ထို့ပြင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲ၍ အုပ်ချုပ်လုပ်ကိုင်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်အဖွဲ့ (International tropical Timber Organization - ITTO) က သတ်မှတ်ပေးထားသော သစ်တောများကိုထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင် ခြင်း (Sustainable Forest Management - SFM) ၏ စံချိန်စံညွှန်း (Indicator) တစ်ခုလည်း ဖြစ်ပါသည်။
- သို့ဖြစ်၍ ဤအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၉၉၅ခုနှစ် မြန်မာ့သစ်တောမူဝါဒ သဘော ထားကြေငြာချက်တွင် ချမှတ်ထားသည့် ပဓာနကျသည့် အချက်(၆)ချက်ကို အကောင် အထည်ဖော်ဆောင်ရွက်ရန်ရည်ရွယ်၍ ရေးဆွဲခြင်းဖြစ်ပါသည်။
  - (က) **ကာကွယ်ခြင်း။** ။ရေ၊ မြေ၊ တောရိုင်း တိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ် ဝန်းကျင်ကို ကာကွယ်ရပါမည်။
  - (ခ) **ထာဝစဉ်တည်တံ့စေခြင်း။** ။လက်ရှိပြည်သူလူထုနှင့် နောင်လာနောင်သား များပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများ

ကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်း အမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရပါမည်။

(ဂ) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း။** ။ ပြည်သူလူထု၏ လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာ နှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရပါမည်။

(ဃ) **စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း။** ။ သစ်တောသယံဇာတများမှ ရရှိနိုင်သည့်အကျိုးအမြတ်တို့အား လူမှုရေးနှင့်သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ၊ အပြည့်အဝ အသုံးချနိုင်ရန် စီမံရပါမည်။

(င) **ပြည်သူတို့ကပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း။** ။ သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းတို့ တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရပါမည်။

(စ) **ပြည်သူအတွင်း နိုးကြားထက်သန်အသိ ရှင်သန်နေစေခြင်း။** ။ နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိက အခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရပါမည်။

၈။ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ

၈.၁ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ(၁၀)နှစ်ကာလအတွက်

၈.၁.၁ လူမှုစီးပွားရေး

ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ ဖူလုံစေရေးနှင့် ဝင်ငွေများရရှိစေရန်။

၈.၁.၂ သစ်တောဖွံ့ဖြိုးရေး

စီမံကိန်းစီမံချက်ရေးဆွဲ၍ သစ်တောများကို စနစ်တကျပြုစုထိန်းသိမ်းခြင်းဖြင့် သစ်တော သယံဇာတများကို အကျိုးရှိစွာအသုံးချနိုင်ပြီး သစ်တောကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်။

၈.၁.၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

သစ်တောများကိုစီမံကိန်းချမှတ်၍ စနစ်တကျအုပ်ချုပ်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး၊ ပြည်သူတို့၏စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်။

၈.၁.၄ သဘာဝဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့်ဂေဟစနစ်မျှတရေးကိုဆောင်ရွက်သွားရန်။

၈.၂ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

၈.၂.၁ လူမှုစီးပွါးရေးဖွံ့ဖြိုးမှု

နိုင်ငံတော်၏ လူမှုစီးပွာရေးဖွံ့ဖြိုးမှုဖေါ်ဆောင်ရာတွင် သစ်တောကဏ္ဍသည် အဓိကအခန်းမှပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားအသိစိတ်ရှင်သန်နေစေရေးကို စည်းရုံးလှုံ့ဆော်သွားရန်နှင့် သစ်တောကဏ္ဍထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးတွင်အထောက်အကူဖြစ်စေရန်အတွက်လူမှုစီးပွားရေးဆိုင်ရာသုတေသနလုပ်ငန်းများကိုတိုးမြှင့်ဆောင်ရွက်ရန်။

၈.၂.၂ သစ်တောဖွံ့ဖြိုးမှု

လူမှုရေးနှင့် သဘာဝဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များ အစွမ်းကုန်ရရှိခံစားနိုင်ရေး ဂေဟစနစ်မျှတမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သစ်တောများပြန်လည်စိုက်ပျိုး ပြုစုရန်နှင့် သစ်တောများကိုထာဝစဉ်ညီ တောထွက်စနစ်ဖြင့် စီမံအုပ်ချုပ်နိုင်ရေးအတွက် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ အစဉ်တည်မြဲရေးကို ဆောင်ရွက်ရန်။

နိုင်ငံတော်၏ စုစုပေါင်း ၃၀ % ကို ကြိုးဝိုင်းတောများအဖြစ်လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းဆောင်ရွက်ရာ၌ ရေတိုတွင် နိုင်ငံတော်၏ ဧရိယာ၏စုစုပေါင်း(၅%)ကို လည်းကောင်း၊ ရေရှည်တွင်(၁၀%)အထိ လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ရန်။

၈.၂.၃ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးမှု

၈.၂.၃.၁ သစ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

သစ်နှင့်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို စွမ်းဆောင်ရန် ထက်မြက်စွာဖြင့် ထုတ်ယူ၍ ထာဝစဉ်အသုံးချအုပ်ချုပ်လုပ်ကိုင်သွားရန်။

၈.၂.၃.၂ သစ်တောအခြေခံလုပ်ငန်းဖွံ့ဖြိုးမှု

သစ်တောများမှ လိုအပ်သောသစ်ကုန်ကြမ်းပမာဏ အမှန်တကယ်ထုတ်လုပ်ပေးနိုင်သည့်အခြေအနေပေါ်မူတည်၍ သစ်တောအခြေခံလုပ်ငန်းများဖွံ့ဖြိုးမှု အစီအစဉ်များချမှတ်ဆောင်ရွက်သွားရန်။

၈.၂.၃.၃ ရောင်းဝယ်ရေးနှင့် ကုန်သွယ်မှု

သစ်တောထွက်ပစ္စည်းများကို ပြည်ပသို့တန်ဘိုးမြှင့် ပစ္စည်းများအဖြစ်တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ကုန်သွယ်မှုပြုရန်။

၈.၂.၄ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ၊ဇီဝမျိုးစုံမျိုးကွဲများနှင့်သဘာဝဝန်းကျင်ထိန်းသိမ်းမှု

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကိုယင်းတို့၏နေရင်းဒေသများကာကွယ်ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်းဖြင့်လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရန်။

၉။ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း

ဤစီမံကိန်း၏ သက်တမ်းကာလသည် (၁၀)နှစ်သက်တမ်းဖြစ်ပါသည်။ (၂၀၁၆-၁၇) ခုနှစ်တွင် စတင်၍(၂၀၂၅-၂၆)ခုနှစ်တွင်ကုန်ဆုံးပါသည်။ စီမံကိန်းပါ ပြဌာန်းချက်များအရ ခရိုင်အတွင်းသစ်တောသယံဇာတများကို စဉ်ဆက်မပြတ် အုပ်ချုပ်လုပ်ကိုင်သွားရန်ဖြစ်ပါသည်။ စီမံကိန်းသက်တမ်း ကာလတစ်ဝက်ဖြစ်သော(၅)နှစ်အကြာတွင် ပြန်လည်သုံးသပ်သွားမည်ဖြစ် ပါသည်။

အောက်တွင်ဖေါ်ပြထားသည့် အကြောင်းအရာအပေါ် အခြေခံ၍ခရိုင်သစ်တောဦးစီးဌာနမှူးများမှ စီမံကိန်းကာလအတွင်း နှစ်စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို နှစ်စဉ်လုပ်ငန်း အလိုက် စီမံချက်အသေးစိတ်ပြင်ဆင်ရေးသား၍ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်း သစ်တောဦးစီးဌာနမှူးမှ အတည်ပြုပေးရမည် ဖြစ်ပါသည်။

၉.၁ သစ်ထုတ်လုပ်ရေးသဘာဝတောများ

၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

(၁) ရောင်းတန်းဝင်သစ်များ ထာဝစဉ် စဉ်ဆက်မပြတ်ထုတ်လုပ်ရေး။

(၂) ပါဝင်ပင်များ အချိုးအစားညီညွတ်၍ သဘာဝတောများ၏တန်ဘိုးကို ထိန်းသိမ်းရေး။

(၃) သဘာဝတောများ၏ ဂေဟစနစ်မျှတရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး။

၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ

ထာဝစဉ်ညီတောထွက်ရရှိရေး ရည်မှန်းချက်အပေါ် အခြေခံလျှက် ခရိုင်အတွင်း ထုတ်လုပ်ရေး အလုပ်တိုက်နယ်ဖွဲ့စည်း၍ ခုတ်စဉ် (၂)ခုဖြင့် စနစ်တကျ အကျိုးရှိစွာ အုပ်ချုပ်လုပ်ကိုင် သွားမည်ဖြစ်ပါသည်။ခုတ်စဉ်များအတွင်း သစ်ပင်ပေါက်ရောက်မှု အခြေအနေကိုမူတည်၍ သင့်တော်သော သစ်တောစိုက်ပျိုးပြုစုခြင်း စနစ်ခုတ်ပတ် နှင့် တောထွက်စသည်တို့ကို ချမှတ်ကျင့်သုံးသွားမည်ဖြစ်ပါသည်။ သစ်တောများ၏ မူလဂေဟစနစ်များမပျက်ရေးကိုဦးတည်လျှက်သစ်မထုတ်မီနှင့်သစ်ထုတ်သစ်တောများ၏ သယံဇာတကိုစာရင်းကောက်ယူပြီး လေ့လာဆန်းစစ်၍ အုပ်ချုပ် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်အား သစ်ထုတ်လုပ်နိုင်သည့် သဘာဝကြိုးဝိုင်းတောဧရိယာများဖြင့်ခုတ်စဉ်(၁)တွင် ကြိုးဝိုင်း(၂)ခု (၁၉၁၇၉)ဧက နှင့်ခုတ်စဉ်(၂)တွင် ကြိုးဝိုင်း(၂)ခု(၃၀၈၆၅)ဧကတို့ဖြင့်ဖွဲ့စည်းထားပါသည်။အုပ်ချုပ်လောက်အောင် သစ်တောရှိသော ကြိုးပြင်ကာကွယ်တော မရှိသည့်အတွက် ယခုထုတ်လုပ်ရေး အလုပ်တိုက်နယ်ဖွဲ့စည်းရာတွင် ကြိုးပြင်ကာကွယ်တော မပါဝင်ခဲ့ပါ။

၉.၁.၂.၁.၁ အလုပ်တိုက်နယ် ၊ ခုတ်စဉ်များဖွဲ့စည်းခြင်း

ထုတ်လုပ်ရေးအလုပ်တိုက်နယ်တွင် ကျွန်းနှင့်သစ်မာများ တပြိုင်တည်းထုတ်လုပ်ကြရန်ဖြစ်၍ ကျွန်းအလုပ်တိုက်နယ်၊ သစ်မာအလုပ်တိုက်နယ် ဟူ၍ခွဲခြားမထားပါ။အလုပ်တိုက်နယ်တစ်ခုသာ ဖွဲ့စည်းပြီး ကြိုးဝိုင်း(၄)ခု၊ ဧရိယာ (၆၁၁၀) ဧက ဖြစ်ပါ သည်။ ခုတ်စဉ်များဖွဲ့စည်းရာတွင် ခုတ်စဉ်တစ်ခုလုံးကို ခုတ်ပတ်နှစ်(၃၀)အတွင်းလုပ်ကိုင်ပြီးစီးရေးအတွက် နှစ်စဉ်သစ်ထုတ်လုပ်နိုင်မှုအလားအလာ၊ စီမံခန့်ခွဲအုပ်ချုပ်ရေးလွယ်ကူမှုနှင့် ရေစီးရေလာအပေါ် အခြေခံလျှက်ခုတ်စဉ် (၃)ခု ဖွဲ့စည်းပါသည်။ ခုတ်စဉ် (၁)တွင် သာယာဝတီမြို့နယ် ၊ သုံးဆယ်ကြိုးဝိုင်း၊ လက်ပံတန်းမြို့နယ် ၊ ကဒင်ဘီးလင်းကြိုးဝိုင်းတို့ ပါဝင် ပြီး (၁၉၁၇၉)ဧက ရှိပါသည်။ ခုတ်စဉ်(၁)တွင် ပေါက်ရောက်လျှက်ရှိသော ကျွန်းနှင့်သစ်မာပင်ရေ(၅၈၂၅၂၉)ပင်၊(၆၅၉၅၄၇)ကုဗတန်မှ နှစ်စဉ်တောထွက်ကို ထုတ်ယူရန်ဖြစ်ပြီးခုတ်စဉ်(၂)တွင် နတ်တလင်းမြို့နယ်၊တောင်ညီကြိုးဝိုင်းနှင့်ဘော်ဘင်ကြိုးဝိုင်းတို့ပါဝင်ပြီး(၃၀၈၆၅)ဧကရှိပါသည်။ခုတ်စဉ်(၂)တွင်ပေါက်ရောက်လျှက်ရှိသောကျွန်းနှင့်သစ်မာပင်ရေ(၇၉၇၉၄၆)ပင်(၉၁၂၃၄၃)ကုဗတန်မှနှစ်စဉ်တောထွက်ကို ထုတ်ယူရန်ဖြစ်ပါသည်။ ခုတ်စဉ်(၃)တွင် လက်ပံတန်းမြို့နယ်၊ကုံးဘီးလင်းကြိုးဝိုင်း၊မုကွာကြိုးဝိုင်းနှင့်ကြို့ပင်ကောက်မြို့နယ်၊ဂမုန်းကြိုးဝိုင်း ၊ စုစုပေါင်း (၁၁၀၇၇) ဧကဖြင့် ဖွဲ့စည်းထားပြီး အနားပေးတောအဖြစ် ထားရှိပါ သည်။ အလုပ်တိုက်နယ်အတွင်းရှိ ခုတ်စဉ်များတွင် သစ်မျိုးအလိုက် ထုတ်လုပ် ခွင့်ပြုသည့် အရွယ်အစားများကို ဇယား(၉-၁-၂-၁-၁-၄)ဖြင့် ဖော်ပြထားပါသည်။

၉.၁.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

အလုပ်တိုက်နယ်အတွင်းရှိ ခုတ်စဉ်(၂)ခုမှ ကျွန်းနှင့်သစ်မာပင်များ ပေါက်ရောက်မှုအခြေအနေများကို ခုတ်စဉ်ဇယား (၉-၁-၂-၁-၁-၁)ဖြင့်ဖော်ပြထားပါသည်။

သာယာဝတီခရိုင် ထုတ်လုပ်ရေးအလုပ်တိုက်နယ်သစ်ပင်ပေါက်ရောက်မှု
အခြေအနေ(ပင်ထောင်)ဇယား

၁။ ခုတ်ပတ် ၂၀၁၆ - ၂၀၁၇ မှ ၂၀၂၅-၂၆ ဇယား(၉-၁-၂-၁-၁-၁)

၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်

၃။ ခုတ်စဉ် I

၄။ ဧရိယာစုစုပေါင်း ၁၉၁၇၈ ဧက (ပင်ရေ)

စုစု ပေါင်း	၂၀ နှင့်အထက်	၁၈-၂၀	၁၆-၁၈	၁၄-၁၆	၁၂-၁၄	၁၀-၁၂	၈-၁၀	၆-၈	၄-၆	၂-၄	၁-၂	သစ်မျိုး အုပ်စု
(၁၅)	(၁၄)	(၁၃)	(၁၂)	(၁၁)	(၁၀)	(၉)	(၈)	(၇)	(၆)	(၅)	(၄)	(၃)
၁၁၇၈၄	၄၆၂	၄၆၂	၁၀၄၄	၁၆၆၂	၂၄၆၆	၂၆၆၆	၂၆၆၆	၂၆၆၆	၂၆၆၆	၂၆၆၆	၂၆၆၆	ကျွန်း
၆၁၁၄၆	၂၆၆	၂၆၆	၂၆၆၂	၂၆၆၂	၂၆၆၂	၂၆၆၂	၂၆၆၂	၂၆၆၂	၂၆၆၂	၂၆၆၂	၂၆၆၂	အုပ်စု (၁)
၁၀၄၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု(၂)
၆၄၁၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု(၃)
၁၀၆၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု(၄)
၁၆၆၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု(၅)
၁၆၆၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု(၆)

ဇစ်မြစ်၊ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတစာရင်းကောက်ကိန်းဂဏန်းများ။

၁။ ခုတ်ပတ် ၂၀၁၆ - ၂၀၁၇ မှ ၂၀၂၅-၂၆ ဇယား(၉-၁-၂-၁-၁-၁)

၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်

၃။ ခုတ်စဉ် II

၄။ ဧရိယာစုစုပေါင်း ၃၀၈၆၅၅ ဧက (ပင်ရေ)

စုစု ပေါင်း	၂၀ နှင့်အထက်	၁၈-၂၀	၁၆-၁၈	၁၄-၁၆	၁၂-၁၄	၁၀-၁၂	၈-၁၀	၆-၈	၄-၆	၂-၄	၁-၂	သစ်မျိုး အုပ်စု
(၁၅)	(၁၄)	(၁၃)	(၁၂)	(၁၁)	(၁၀)	(၉)	(၈)	(၇)	(၆)	(၅)	(၄)	(၃)
၅၁၂၆၅	၂၆၆	၂၆၆	၂၆၆	၀	၂၆၆၂	၂၆၆၂	၂၆၆၂	၂၆၆၂	၂၆၆၂	၂၆၆၂	၂၆၆၂	ကျွန်း
၅၂၂၀၉	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု (၁)
၅၆၆၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု(၂)
၅၂၆၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု(၃)
၅၂၆၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု(၄)
၅၂၆၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု(၅)
၅၂၆၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	၂၆၆	အုပ်စု(၆)

ဇစ်မြစ်၊ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတစာရင်းကောက်ကိန်းဂဏန်းများ။

ထုတ်လုပ်ရေးအလုပ်တိုက်နယ်သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ပင်ထောင်ဧယား

၁။ ခုတ်ပတ် ၂၀၁၆ - ၂၀၁၇ မှ ၂၀၂၅-၂၆ ဧယား(၉-၁-၂-၁-၁-၁)

၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်

၃။ ခုတ်စဉ် **III**(အနားပေးတော)

၄။ ဧရိယာစုစုပေါင်း ၁၁၀၇၇ ဧက (ပင်ရေ)

သစ်မျိုးအုပ်စု	၁-၅ နှစ်	၆-၁၀ နှစ်	၁၁-၁၅ နှစ်	၁၆-၂၀ နှစ်	၂၁-၂၅ နှစ်	၂၆-၃၀ နှစ်	၃၁-၃၅ နှစ်	၃၆-၄၀ နှစ်	၄၁-၄၅ နှစ်	၄၆-၅၀ နှစ်	၅၁-၅၅ နှစ်	၅၆-၆၀ နှစ်	၆၁-၆၅ နှစ်	၆၆-၇၀ နှစ်	၇၁-၇၅ နှစ်	စုစုပေါင်း
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)	(၁၃)	(၁၄)	(၁၅)	(၁၆)	(၁၇)
ကျွန်း:	၄၂၅	၁၀၁	၂၀၉	၁၅၂	၀	၀	၃၇	၀	၀	၀	၀	၀	၀	၀	၀	၆၂၅
အုပ်စု (၁)	၁၉၂	၈၃	၇၇	၄၁၀	၁၀၁	၇၂	၃၄	၃၄	၀	၀	၀	၀	၀	၀	၀	၁၀၅၉
အုပ်စု(၂)	၄၉၆	၃၀၁	၆၈၇	၄၆၃	၂၄	၁၇၁	၇၀	၃၉	၃၄	၂	၀	၀	၀	၀	၃၉	၂၃၂၉
အုပ်စု(၃)	၂၁၉	၄၂၄	၂၁၇	၂၁၁	၄၅၇	၁၁၁	၁၈၅	၁၅၅	၂၄၆	၁၁၈	၁၆၅	၁၅၂	၃၄	၂၄	၁၈၇	၂၀၃၀
အုပ်စု(၄)	၃၁၂	၁၀၈၃	၉၇၆	၁၁၃၂	၁၂၁၃	၄၄၆	၅၈၆	၂၉၉	၂၀၁	၁၆၅	၁၅၂	၁၅၂	၀	၁၁	၁၉၇	၇၁၉၇
အုပ်စု(၅)	၁၇၀	၁၇၄	၄၂၃	၂၅၈	၀	၄၇	၀	၀	၀	၀	၀	၀	၀	၀	၀	၉၆၁
စုစုပေါင်း	**၁၃၈၉**	**၁၉၈၄**	**၂၂၇၉**	**၂၃၉၅**	**၁၇၉၄**	**၆၃၇**	**၉၁၅**	**၂၀၀**	**၅၂၉**	**၂၈၅**	**၃၀၅**	**၂၇**	**၁၄၃၆**	**၁၄၂၅၆**		

ဧစ်မြစ်၊ ၂၀၁၀ ခုနှစ် သစ်တောသယံဇာတစာရင်းကောက်ကိန်းဂဏန်းများ။

သာယာဝတီခရိုင် ထုတ်လုပ်ရေးအလုပ်တိုက်နယ်သစ်ပင်ပေါက်ရောက်မှု အခြေအနေ

ထုထည်ဧယား

၁။ ခုတ်ပတ် ၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၆ ဧယား(၉-၁-၂-၁-၁-၁)

၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်

၃။ ခုတ်စဉ် I

၄။ ဧရိယာစုစုပေါင်း ၁၉၁၇၈ ဧက (ကုဗတန်)

သစ်မျိုးအုပ်စု	၁-၅ နှစ်	၆-၁၀ နှစ်	၁၁-၁၅ နှစ်	၁၆-၂၀ နှစ်	၂၁-၂၅ နှစ်	၂၆-၃၀ နှစ်	၃၁-၃၅ နှစ်	၃၆-၄၀ နှစ်	၄၁-၄၅ နှစ်	၄၆-၅၀ နှစ်	၅၁-၅၅ နှစ်	၅၆-၆၀ နှစ်	၆၁-၆၅ နှစ်	၆၆-၇၀ နှစ်	၇၁-၇၅ နှစ်	စုစုပေါင်း
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)	(၁၃)	(၁၄)	(၁၅)	(၁၆)	(၁၇)
ကျွန်း:	၁၃၄၅	၁၀၀၃	၂၆၈၈	၉၆၉၉	၂၆၁၅	၂၆၁၄	၃၀၄	၃၀၄	၃၀၄	၃၀၄	၃၀၄	၃၀၄	၃၀၄	၃၀၄	၃၀၄	၂၂၂၀၁
အုပ်စု (၁)	၁၀၀၈	၂၄၂၁	၅၀၄၄	၅၆၆၀	၅၇၆၃	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၈၀၆
အုပ်စု(၂)	၁၃၉၂	၂၈၁၂	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇
အုပ်စု(၃)	၁၃၃၄	၂၀၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇
အုပ်စု(၄)	၁၃၃၄	၂၀၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇
အုပ်စု(၅)	၁၃၃၄	၂၀၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇	၅၆၅၇
စုစုပေါင်း	**၂၇၈၅၆**	**၂၀၀၇၇**	**၃၆၉၆**	**၂၈၃၆**	**၄၇၇၅**	**၃၇၃၄**	**၄၆၂၆**	**၂၇၃၄**	**၂၆၅၆**	**၃၇၄၆**	**၂၇၅၆**	**၂၆၇၆**	**၂၆၇၆**	**၂၆၇၆**	**၂၆၇၆**	**၂၄၇၈၁**

ဧစ်မြစ်၊ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတစာရင်းကောက်ကိန်းဂဏန်းများ။

ထုထည်ဧယား

၁။ ခုတ်ပတ် ၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၆ ဧယား(၉-၁-၂-၁-၁-၁)

၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်

၃။ ခုတ်စဉ် II

၄။ ဧရိယာစုစုပေါင်း ၃၀၈၆၅ ဧက (ကုဗတန်)

သစ်မျိုးအုပ်စု	အာ=၁-၂-၂	အာ=၂-၂-၂	အာ=၁-၂-၃	အာ=၁-၃-၃	အာ=၂-၃-၃	အာ=၁-၄-၄	အာ=၂-၄-၄	အာ=၁-၅-၅	အာ=၂-၅-၅	အာ=၁-၆-၆	အာ=၂-၆-၆	အာ=၁-၇-၇	အာ=၂-၇-၇	အာ=၁-၈-၈	ပျဉ်းနီ-၁-၈-၈	စုစုပေါင်း
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)	(၁၃)	(၁၄)	(၁၅)	(၁၆)	
ကျွန်း	၃၄၉	၁၃၉၄	၁၃၀၈	၅၀၆၀	၅၆၉၉	၆၀၄၇	၆၀၄၅	၆၃၉၅	၄၃၆၄	၄၃၆၅	၀	၁၇၇၀	၂၀၂၀	၄၆၀၂	၅၅၀၂	၄၅၁၄၅
အုပ်စု (၁)	၁၇၆	၁၇၈၈	၃၁၄၉	၄၄၄၇	၆၅၅၂	၅၀၁၄	၅၀၃၄	၄၀၄၈	၆၀၈၃	၆၀၉၄	၉၈၃	၂၂၇၂	၃၀၄၀	၃၃၀၆	၃၃၀၆	၅၉၀၂
အုပ်စု(၂)	၁၇၉	၆၃၅	၂၅၅၆	၅၀၆၆	၅၀၆၄	၅၀၆၄	၅၀၆၄	၅၀၆၄	၅၀၆၄	၅၀၆၄	၅၀၆၄	၅၀၆၄	၅၀၆၄	၅၀၆၄	၅၀၆၄	၅၀၆၄
အုပ်စု(၃)	၁၃၆၂	၁၀၅၂	၂၉၆၅	၂၄၇၂	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉
အုပ်စု(၅)	၁၃၆၂	၂၆၅၅	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉
အုပ်စု(၅)	၁၄၇၃	၂၆၅၅	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉	၂၆၃၉
စုစုပေါင်း	**၅၀၂၁**	**၆၀၇၀**	**၂၁၃၁၉**	**၂၆၄၄၉**	**၄၇၉၅၆**	**၆၂၄၉၁**	**၇၁၅၄၃**	**၅၂၅၅၁**	**၅၂၄၂၈**	**၅၂၄၂၈**	**၆၃၁၆**	**၂၂၁၂၈**	**၂၂၂၂၈**	**၄၁၀၀၃**	**၄၅၁၄၁**	**၅၅၁၄၁၁**

ဧစ်မြစ်၊ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတစာရင်းကောက်ကိန်းဂဏန်းများ။

၁။ ခုတ်ပတ် ၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၆ ဧယား(၉-၁-၂-၁-၁-၁)

၂။ အလုပ်တိုက်နယ် ထုတ်လုပ်ရေးအလုပ်တိုက်နယ်

၃။ ခုတ်စဉ် III(အနားပေးတော)

၄။ ဧရိယာစုစုပေါင်း ၁၁၀၇၇ ဧက (ကုဗတန်)

သစ်မျိုးအုပ်စု	အာ=၁-၂-၂	အာ=၂-၂-၂	အာ=၁-၂-၃	အာ=၁-၃-၃	အာ=၂-၃-၃	အာ=၁-၄-၄	အာ=၂-၄-၄	အာ=၁-၅-၅	အာ=၂-၅-၅	အာ=၁-၆-၆	အာ=၂-၆-၆	အာ=၁-၇-၇	အာ=၂-၇-၇	အာ=၁-၈-၈	ပျဉ်းနီ-၁-၈-၈	စုစုပေါင်း
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)	(၁၃)	(၁၄)	(၁၅)	(၁၆)	
ကျွန်း	၆၉	၂၇	၇၅	၇၄	၀	၀	၄၅	၀	၀	၀	၀	၀	၀	၀	၀	၂၉၁
အုပ်စု (၁)	၅၈	၁၁	၂၃၄	၁၀၄	၃၀	၃၀	၅၀	၅၀	၀	၀	၀	၀	၀	၀	၁၁	၅၉၉
အုပ်စု(၂)	၆၅	၁၀၉	၁၀၉	၂၀၇	၂၀	၂၀	၁၇၅	၅၄	၅၅	၅၅	၀	၀	၀	၀	၁၆	၆၇၂
အုပ်စု(၃)	၃၃	၈၃	၁၀၆	၁၀၇	၃၉၇	၃၄၀	၃၄၀	၃၄၀	၃၄၀	၃၄၀	၃၄၀	၃၄၀	၃၄၀	၃၄၀	၃၄၀	၃၄၀
အုပ်စု(၅)	၇၂	၂၅၈	၃၄၅	၃၄၅	၃၄၅	၃၄၅	၃၄၅	၃၄၅	၃၄၅	၃၄၅	၃၄၅	၃၄၅	၃၄၅	၃၄၅	၃၄၅	၃၄၅
အုပ်စု(၅)	၁၀	၁၀၅	၁၀၉	၁၃၄	၀	၃၉	၀	၃၉	၃၉	၃၉	၃၉	၃၉	၃၉	၃၉	၃၉	၃၉
စုစုပေါင်း	**၃၂၇**	**၅၂၉**	**၆၆၆**	**၁၂၁၆**	**၁၄၂၉**	**၅၅၁**	**၅၅၁**	**၄၅၁**	**၄၄၃**	**၄၄၃**	**၅၂၀**	**၄၄၃**	**၄၄၃**	**၁၁၉**	**၂၉၆**	**၁၁၀၇၇**

ဧစ်မြစ်၊ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတစာရင်းကောက်ကိန်းဂဏန်းများ။

၉.၁.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်

လက်ရှိအခြေအနေအရ သဘာဝတောများကို အုပ်ချုပ်လုပ်ကိုင်ရာတွင် မြန်မာ့ရွေးချယ်ခုတ်လှဲနည်းစနစ်ဖြင့် ဆောင်ရွက်သွားပါမည်။ ၎င်းစနစ်ဖြင့် အဓိကသော့ချက်ကျသောလုပ်ငန်းများကို အချိန်အခါ ရာသီအလိုက် ဆောင်ရွက်ကြရပါမည်။ ကျွန်းသင်းသတ်ခြင်း၊ ကျွန်းစိုရိုက်မှတ်ခြင်းလုပ်ငန်းနှင့် တွဲဖက်၍ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း၊ အုပ်မိုးကာဆိုင်း ခုတ်လှဲခြင်းနှင့် အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းများစသည့် သစ်တောပြုစုသည့် လုပ်ငန်းများ လုပ်ဆောင်ရပါမည်။ ပင်ထောင်ရိုက်မှတ်သည့် လုပ်ငန်းတွင် အကွက်နယ်နိမိတ်ပြင်ခြင်း၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း စသည်တို့ စနစ်တကျ လုပ်ကိုင်ရပါမည်။

ကျွန်းနှင့်အခြားရောင်းတန်းဝင်သည့် သစ်မာမျိုးများကြီးထွားမှုနှင့် ရှင်သန်ပေါက်ရောက်မှု ပိုကောင်းရန် မျိုးဆက်ပင်များ ပိုမိုတိုးပွားရန် နှင့်ပိုမိုထုတ်ယူသုံးစွဲရန်အတွက် သဘာဝတောများကို တန်ဘိုးမြှင့် ဆောင်ရွက်သွားရန် လိုပါသည်။ အုပ်မိုးကာဆိုင်းလှဲခြင်းသည် ယနေ့တွင် ကျွန်းအတွက်သာ ကျင့်သုံး နေပါသည်။ အခြားအဖိုးတန်သစ်မာ များကိုပါအလင်းဖွင့်ပေးခြင်း စနစ်ဆောင်ရွက်သင့်ပါသည်။ ၎င်းလုပ်ငန်းကိုလည်း ကျွန်းသင်းသတ်ခြင်း လုပ်ငန်းနှင့် တွဲဖက်လုပ်ဆောင်ခြင်းထက် သီးခြားစီမံချက်ရေးဆွဲပြီး ကျွန်းသင်းသတ်စဉ် နှင့် သစ်မာပင်ထောင်ရိုက်စဉ်အတွင်း စနစ်တကျမှတ်တမ်းတင်ခဲ့သော အဖိုးတန် သစ်များအား အလင်းဖွင့်ပေးရန် လိုသည့်ဧရိယာများအပေါ်တွင် ဆောင်ရွက်သင့်ပါသည်။

၉.၁.၂.၁.၁.၃ခုတ်ပတ်

ကျွန်းသည်အနှစ်(၃၀)အတွင်း လုံးပါတ်တစ်ပေတိုးတက်လာသည်ဟု ယခင်စီမံကိန်းများမှ ကောက်ချက်အရ ခုတ်ပတ်(၃၀)နှစ် သတ်မှတ်ပါသည်။

၉.၁.၂.၁.၁.၄ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

သစ်မျိုးအလိုက် ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားများကို ယခင်စီမံကိန်းဟောင်းများအရနှင့် ဦးစီးရုံးချုပ်မှ အခါအားလျော်စွာ သစ်မျိုးအလိုက် ကန့်သတ်ချက်များအရ မူတည်ဆောင်ရွက်ပါမည်။ ခုတ်စဉ်အလိုက် ဇယား(၉-၁-၂-၁-၄)တွင် ဖော်ပြထားပါသည်။

သာယာဝတီခရိုင်အတွင်း သစ်မျိုးအလိုက် ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားစာရင်း

ဧယား(၉-၁-၂-၁-၁-၄)

ခုတ်စဉ်	ကြိုးဝိုင်းအမည်	အကွက်အမှတ်	ဧရိယာဧက	ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား		မှတ်ချက်
				သစ်မျိုး	လုံးပါတ်	
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)
	ထုတ်လုပ်ရေးအလုပ်တိုက်နယ်					
I	သုံးဆယ်	၂၁၊၉၃ မှ ၁၁၀ ၁၃မှ၁၇၊၁၉၊၆၁	၁၀၅၈၈	ကျွန်း	၆' - ၆"	
	ကုံးဘီးလင်း	၁၃-၁၇၊၁၉		ပျဉ်းကတိုး	၆'	
		၂၄ ၊၂၇ ၊ ၂၈၊ ၃၀ ၃၂ မှ ၃၄ ၆၁		သက်နှံး အင်၊ ကညင် ကောင်းမှူ	၇'	
				အခြား	၆'	
	ကဒင်ဘီးလင်း	၁၈၊၃၃မှ၄၆၊၄၈မှ၅၉၊ ၆၁မှ၆၆၊၆၈၊ ၆၉၊ ၇၁၊ ၇၂ ၊၇၅၊ ၇၇၊၇၈၊၈၅	၈၅၉၀			
		ခုတ်စဉ် I ပေါင်း	**၁၉၁၇၈**			
II	တောင်ညို	၁ မှ၂၁၊ ၃၆ မှ ၅၀၊၅၄မှ၆၀ ၆၈ မှ ၁၀၃၊၁၀၅မှ၁၁၇၊ ၁၁၉မှ၁၃၈၊၁၄၆မှ၁၅၀	၂၉၃၀၀	သက်နှံး၊ အင် ကညင်၊ ကောင်းမှူ	၇'	
	ဘော်ဘင်	၃၃(ပိုင်း)၊၃၅(ပိုင်း) ၆၀မှ၆၃၊၆၉၊၇၀၊၇၄ ၇၅၊၇၇၊၇၉၊၈၁၊၈၂၊၈၈	၁၅၆၅			
		ခုတ်စဉ် II ပေါင်း	**၃၀၈၆၅**			

ဧစ်မြစ်-သာယာဝတီခရိုင်၊သစ်တောဦးစီးဌာန။

၉.၁.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း

စီမံကိန်းကာလအတွင်းနှစ်စဉ်ထုတ်လုပ်သုံးစွဲနိုင်မည့်တောထွက်ကိုအုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များနှင့်ကိုက်ညီစွာ တွက်ချက်ဖော်ပြထားပါသည်။ သာယာဝတီခရိုင်တွင် ၂၀၁၀ ခုနှစ် စနစ်တကျနမူနာကျဘန်းကွက်များအရ တွက်ချက်ရယူပြီး ကောက်ယူထားသော သစ်တောသယံဇာတအဖွဲ့မှထုတ်ပေးသော ပင်ထောင်ဇယား၊ ထုထည်ဇယားများကို အခြေခံ၍တွက်ချက်ပါသည်။

နှစ်စဉ်တောထွက်= { လုံးပတ်အတန်းအစား II × ၉၀% + ၂ × လုံးပတ်အတန်းအစား I × ၉၅% }/ ၆၀

လုံးပါတ် အတန်းအစား	လက်ရှိအပင် အရေအတွက်	ရှင်သန်မှု ရာခိုင်နှုန်း	ရှင်ပင် အရေအတွက်
(၁)	(၂)	(၃)	(၄)
၅'- ၆" ၆'-၅" (အတန်းအစား II)	၇၃၅	၉၀%	၆၆၂
၆'-၆" (အတန်းအစား I)	၁၂၂၅	၉၅%	၁၁၆၃

ခုတ်စဉ်(၁)နှစ်စဉ်တောထွက် = (၆၆၂ + (၂×၁၁၆၄)/၆၀

= ၅၀ ပင်

ခုတ်စဉ်(၂)ကိုလည်း ၎င်းနည်းအတိုင်းတွက်ချက်ပါက

ခုတ်စဉ် (၂)နှစ်စဉ်တောထွက် = (၅၁၄၄+၂×၂၅၃၄) / ၆၀

= ၁၇၀ ပင်

သစ်မာနှစ်စဉ်တောထွက်ကိုလည်း အထက်ပါနည်းအတိုင်းတွက်ချက်ပါက

ခုတ်စဉ်(၁) = ၂၃၈၀ ပင်

ခုတ်စဉ်(၂) = ၃၆၉၀ ပင်

သို့ဖြစ်ပါ၍ သာယာဝတီခရိုင်အတွင်းရှိ ခုတ်စဉ်အလိုက် ကျွန်း၊ သစ်မာနှစ်စဉ်တောထွက်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ဇယား(၉-၁-၂-၁-၁-၅)

ခုတ်စဉ်	ရေတွက်ပုံ	နှစ်စဉ်တောထွက်(ပင်ရေ)						
		ကျွန်း	သစ်မာ					သစ်မာပေါင်း
			အုပ်စု(၁)	အုပ်စု(၂)	အုပ်စု(၃)	အုပ်စု(၄)	အုပ်စု(၅)	
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)
I	ပင်	၅၀	၅၀၂	၁၀၉	၂၄၁	၃၆၄	၁၁၆၅	၂၃၀၁
II	။	၁၇၀	၄၆၁	၅၄၁	၈၁၃	၉၁၄	၉၆၁	၃၆၉၀
ခရိုင်ပေါင်း		၂၂၀	၉၆၃	၆၅၀	၁၀၅၄	၉၇၈	၂၁၂၆	၆၀၇၁

ဇစ်မြစ်၊ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတစာရင်းကောက်ကိန်းဂဏန်းများ။

သာယာဝတီခရိုင်၏ ကျွန်းနှစ်စဉ်တောထွက်မှာ(၂၂၀)ပင်ဖြစ်ပြီး သစ်မာနှစ်စဉ်တောထွက်မှာ (၆၀၇၀)ပင် ဖြစ်ပါသည်။

၉.၁.၂.၁.၁.၆ သစ်မထုတ်မီ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း

သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းအား သစ်ခုတ်လှဲထုတ်ယူခြင်း မစမီ တစ်နှစ်ကြိုတင်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ သစ်ထုတ်ယူခြင်း မတိုင်မီတောဏ်အခြေအနေနှင့် သင့်တော်သော ခုတ်လှဲနည်းစနစ် တို့ကို သိရှိစေမည်ဖြစ်ပြီး သစ်ထုတ်မည့် အဖွဲ့အစည်းများနှင့် သစ်တောဦးစီးဌာန တို့မှ အဆင်ပြေစွာဖြင့် ဂေဟဗေဒမျှတမှုနှင့် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများကို သစ်မထုတ်မီ သယံဇာတစာရင်းကောက်ယူခြင်းဆိုင်ရာ ညွှန်ကြားချက်များအရ ဆောင်ရွက်ပါမည်။

၉.၁.၂.၁.၁.၇ သစ်ထုတ်ပြီး သယံဇာတ စာရင်းကောက်ယူခြင်း

သစ်ထုတ်ပြီးနောက် သစ်တောအခြေအနေကို သိရှိရန်လိုအပ်ပါသဖြင့် သစ်ထုတ်ပြီး သယံဇာတစာရင်းကောက်ယူခြင်းကို(လုပ်ငန်းညွှန်ကြားချက်)နှင့်အညီဆောင်ရွက်ရပါမည်။၎င်းလုပ်ငန်းကို သစ်ထုတ်ပြီး အနည်းဆုံးတစ်နှစ်မှသုံးနှစ်အတွင်း ဆောင်ရွက်ရပါမည်။ ဤသို့သစ်တောသယံဇာတစာရင်းကောက်ယူခြင်းဖြင့်သစ်ထုတ်ပြီး သစ်တော၏မျိုးဆက်ပြန့်နှံ့မှုအရ သိရှိနိုင်ပြီးလိုအပ်သည့်စိုက်ပျိုးပြုစုခြင်း နည်းစနစ်ကို ဆောင်ရွက်ပါမည်။

၉.၁.၂.၁.၁.၈ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

ယခုစီမံကိန်းကာလအတွင်း ထုတ်လုပ်ရေး အလုပ်တိုက်နယ်များကိုလုပ်ငန်းလုပ်ကိုင်ရာတွင် ဌာနဆိုင်ရာညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပါမည်။

(က) ကျွန်းသင်းသတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာညွှန်ကြားချက် အပိုဒ် (၈၉)မှ(၉၁)အထိငင်း၊ (၁၄၀)မှ(၁၆၀) အထိငင်းလိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။ ကျွန်းသင်းသတ်ခြင်း အစီအစဉ် ကို နောက်ဆက်တွဲ(၇)အရငင်း၊ ကျွန်းသင်းသတ်ခြင်းမှတ်တမ်းများကို နောက်ဆက်တွဲ(၈)အရငင်း ဆောင်ရွက်မည်ဖြစ်ပါ သည်။

(ခ) သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် (၁၆၁)အရ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း အစီအစဉ်ကို နောက်ဆက်တွဲ(ဆ)အရလည်းကောင်း၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းမှတ်တမ်းများကို နောက်ဆက်တွဲ(စျ-၁)အရငင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဂ) အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းနှင့် နွယ်ဖြတ်ညောင်ပတ်လှဲခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ညွှန်ကြားချက် အပိုဒ်(၁၀၆)မှ(၁၁၅) ထိ လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(ဃ) ကြိုးဝိုင်းအကွက်နယ်နမိတ် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ညွှန်ကြားချက် အပိုဒ်(၄၂)မှ(၆၁)အထိ လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(င) သစ်ထုတ်လုပ်ငန်း ဆောင်ရွက်စဉ်နှင့် ဆောင်ရွက်ပြီးနောက် ကျွန်း နှင့် သစ်မာပင်များခုတ်လှဲခြင်းနှင့် ဖြတ်ပိုင်းပေးခြင်းလုပ်ငန်းများ စစ်ဆေးရန်အတွက် ဌာနဆိုင်ရာညွှန်ကြားချက် အပိုဒ်(၂၁၅)မှ (၂၁၈)အထိ နောက်ဆက်တွဲ(XXXIII) အရ လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(စ) ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကျွန်းနှင့်အခြားအဖိုးတန် သစ်မျိုးများ၊ ဓမ္မတာနည်းဖြင့် မျိုးဆက်သည့် ဧရိယာများကို ခုတ်လှဲမျိုးဆက်ခြင်း စီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(ဆ) စီမံကိန်း(၁၀)နှစ်တာကာလအတွင်း သစ်ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်ထုတ်ခွင့်ပြုသည့် အချိန်ကာလ၊ ငုတ်ထုတ် စီမံ

ချက်များ၊ သဘာဝဝန်းကျင်ပျက်စီးထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို ရေးဆွဲအကောင်အထည်ဖော်မည် ဖြစ်သည်။

၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ

၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

သာယာဝတီခရိုင်အတွင်းထုတ်လုပ်ရေး သစ်တောစိုက်ခင်းများကို အောက်ပါရည်ရွယ်ချက်များ နှင့်အညီ တည်ထောင်ဆောင်ရွက်ပါသည်-

(၁)စက်မှုလုပ်ငန်းနှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ဂေဟစနစ်များမျှတမှုကို ပြန်လည်ရရှိစေရန်အတွက် တောပျက်များနှင့် ယာမြေများတွင် ဒေသနှင့်ကိုက်ညီသည့် ဘက်စုံသုံး အဖိုးတန်သစ်မျိုးများစိုက်ပျိုးရန်။

(၂)(၁၉၉၅)ခုနှစ်တွင် ထုတ်ပြန်သော မြန်မာ့သစ်တောမူဝါဒ၊ မူဝါဒသဘောထားကြေငြာချက် အပိုဒ်ခွဲ၊ (၃-၃)တွင် ဖော်ပြချက်အရ စိုက်ခင်းသစ်တောများသည် သဘာဝသစ်တောများကို အစားထိုးနိုင်ချေ မရှိကြောင်းကို အသိအမှတ်ပြုလျှက် စိုက်ခင်းနှင့် သဘာဝတောများကို ညီညွတ်မျှတစွာ ပေါင်းစပ်သည့်နည်းဖြင့် နိုင်ငံတော်၏ သစ်တောသယံဇာတများကို အကျိုးအရှိဆုံးအသုံးချနိုင်ရေး အတွက် ထုတ်လုပ်ရေး သစ်တောစိုက်ခင်းများ တည်ထောင်သွားရန်။

(၃)သဘာဝသစ်တောများကို ထိန်းသိမ်းကာကွယ် တန်ဖိုးမြှင့်ရာတွင် ပြည်တွင်းသစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့် ပြည်ပသို့တန်ဖိုးမြင့်သစ် တိုးမြှင့်တင်ပို့ရောင်းချလျှက် တစ်ဖက်မှလည်း သဘာဝသစ်တောများကို ထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ရေးအထောက်အကူဖြစ်စေရန်အတွက်ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများကို သင့်တော်သည့် စိုက်ပျိုးပြုစုနည်းစနစ်များ အသုံးပြု၍ အတိုင်းအတာတစ်ခုအထိ စိုက်ပျိုးတည်ထောင်ရန်။

၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ

သာယာဝတီခရိုင်အတွင်း တည်ထောင်ပြီးဖြစ်သော စိုက်ခင်းများနှင့် နောင်စိုက်ခင်းတည်ထောင်မည့် ဧရိယာများကို စိုက်ခင်းများအလုပ်တိုက်နယ်အဖြစ် ဖွဲ့စည်း၍ စနစ်တကျအုပ်ချုပ်လုပ်ကိုင် သွားမည်ဖြစ်ပါသည်။ စိုက်ခင်းတည်ထောင်မည့် ဒေသများအဖြစ် တောပျက်များနှင့် ဓမ္မတာမျိုးဆက်ခြင်းဖြင့် မလုံလောက်သောဒေသများကို ရွေးချယ်ပြီးစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်ပါသည်။ စိုက်ခင်းဒေသ မှန်ကန်စွာရွေးချယ်ခြင်း၊ဒေသနှင့်သစ်မျိုး ကိုက်ညီမှုသင့်လျော်သည့် စိုက်ပျိုးပြုစုနည်းစနစ်ရွေးချယ်ခြင်း၊ ကြားဖြတ်နှင့်အပြီးသတ်တောထွက် တွက်ချက်ခြင်းစသည့် သစ်တော

စိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်လျှက် ထုတ်လုပ်ရေးစိုက်ခင်းများ တည်ထောင်သွားပါမည်။

၉.၂. ၂.၁ စိုက်ခင်းများ အလုပ်တိုက်နယ်

သာယာဝတီခရိုင်ရှိ တည်ထောင်ပြီး စီးပွားရေးစိုက်ခင်းများနှင့် ခုတ်လှဲမျိုး ဆက် စီမံချက်အရ စီမံကိန်းကာလအတွင်း တည်ထောင်မည့် စီးပွားရေးစိုက် ခင်းများ၊ တည်ထောင်ပြီး စက်မှုကုန်ကြမ်း စိုက်ခင်းများနှင့် ပုဂ္ဂလိကစိုက်ခင်းများအားလုံး ကိုစုစည်း၍ စိုက်ခင်းများ အလုပ်တိုက်နယ်(၁)ခုအဖြစ် ဖွဲ့စည်းထားပြီး စုစုပေါင်း ဧရိယာ(၁၅၇၁၁၇)ဧက ရှိပါသည်။

၉.၂.၂.၁.၁ အလုပ်တိုက်နယ်နှင့် စိုက်ကွက်ဖွဲ့စည်းမှု

စိုက်ခင်းများအလုပ်တိုက်နယ်တွင်

၁။ စီးပွားရေးစိုက်ခင်းများအလုပ်တိုက်နယ်

၂။ စက်မှုကုန်ကြမ်းစိုက်ခင်းများ အလုပ်တိုက်နယ်

၃။ ပုဂ္ဂလိကစိုက်ခင်းများ အလုပ်တိုယ်နယ် ဟူ၍ (၃)မျိုးခွဲခြား ထား ပါသည်။ စီးပွားရေးစိုက်ခင်း အလုပ်တိုက်နယ်တွင် စိုက်ကွက်စဉ် I (ကျွန်း)၊ စိုက်ကွက်စဉ် II (ပျဉ်းကတိုး) တို့ဖြင့် ဖွဲ့စည်းထားပါသည်။ စက်မှုကုန်ကြမ်းစိုက်ခင်း များတွင် စိုက်ကွက်စဉ် I (ယူကလစ်)နှင့် စိုက်ကွက်စဉ်II (ကြက်ဆူး) တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ပုဂ္ဂလိကစိုက်ခင်း အလုပ်တိုက်နယ်ကို စိုက်ကွက်စဉ် I (ကျွန်း) စိုက်ကွက်စဉ် II (သစ်မာမျိုးစုံ)တို့နှင့် ဖွဲ့စည်းထားပါသည်။

သာယာဝတီခရိုင်အတွင်း ဖွဲ့စည်းထားသောစိုက်ခင်းများ အလုပ်တိုက်နယ် ၏ စိုက်ကွက်စဉ်အလိုက်နှစ်စဉ်စိုက်ကွက်ဖွဲ့စည်းမှုတည်ထောင်သည့်ခုနှစ်၊ တည်နေရာနှင့် ဧရိယာများ အား ဇယား(၉-၂-၂-၁-၁)ဖြင့် ဖော်ပြပါသည်။

စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ်

စိုက်ကွက်စဉ် I (ကျွန်း)

ဧယား(၉-၂-၂-၁-၁)က

နှစ်စဉ်စိုက်ကွက်	မြို့နယ်	စိုက်ခင်းတည်နေရာ	စိုက်ခင်းအမှတ်	သစ်မျိုး	ဧရိယာ(ဧက)	ပန်းကန်အကွာအဝေး	လက်ရှိဧရိယာ(ဧက)(၂၀၁၉)ခုနှစ်	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)
၁	သာယာဝတီ	သုံးဆယ် (၆၆)	၁/၈၁	ကျွန်း	၃၀၀	၈၁/၂' x ၈၁/၂'	၀	
	လက်ပံတန်း	ကုန်းဘီးလင်း (၈)	၁/၈၁	ကျွန်း	၂၅၃	၈၁/၂' x ၈၁/၂'	၂၅	
		ကုန်းဘီးလင်း (၁၀)	၂/၈၁	ကျွန်း	၈၆	၈၁/၂' x ၈၁/၂'	၁၀	
		ကုန်းဘီးလင်း (၁၁)	၃/၈၁	ကျွန်း	၆၇	၈၁/၂' x ၈၁/၂'	၁၀	
	အုတ်ဖို	ဂမုန်း (၈၀)	၁/၈၁	ကျွန်း	၂၅၀	၈၁/၂' x ၈၁/၂'	၀	
	ကြိုပင်ကောက်	ဘော်ဘင် (၁၅)	၁/၈၁	ကျွန်း	၂၀၀	၈၁/၂' x ၈၁/၂'	၀	
	နတ်တလင်း	ဘော်ဘင် (၉၁)	၁/၈၁	ကျွန်း	၁၀၀	၈၁/၂' x ၈၁/၂'	၀	
		တောင်ညို (၅၂)	၂/၈၁	ကျွန်း	၁၅၀	၈၁/၂' x ၈၁/၂'	၁၅	
	နှစ်စဉ်စိုက်ကွက်(၁)ပေါင်း				**၁၄၀၆**		**၆၀**	
၂	သာယာဝတီ	သုံးဆယ် (၆၇)	၁/၈၂	ကျွန်း	၆၄	၈၁/၂' x ၈၁/၂'	၀	
		သုံးဆယ် (၆၈၊၆၉)	၂/၈၂	ကျွန်း	၈၆	၈၁/၂' x ၈၁/၂'	၀	
	လက်ပံတန်း	ကုန်းဘီးလင်း (၉)	၁/၈၂	ကျွန်း	၂၀၀	၈၁/၂' x ၈၁/၂'	၀	
		ညောင်ပင်ဧင်း (၅၃)	၂/၈၂	ကျွန်း	၂၅၀	၈၁/၂' x ၈၁/၂'	၁၅၀	
		မုက္ခာ (၄)	၃/၈၂	ကျွန်း	၁၀၀	၈၁/၂' x ၈၁/၂'	၆၀	
		ကဒင်ဘီးလင်း (၁)	၄/၈၂	ကျွန်း	၁၀၀	၈၁/၂' x ၈၁/၂'	၃၀	
	မင်းလှ	မင်းလှ (၂၀)	၁/၈၂	ကျွန်း	၂၀၀	၈၁/၂' x ၈၁/၂'	၀	
	အုတ်ဖို	ဂမုန်း (၈၁)	၁/၈၂	ကျွန်း	၂၅၀	၈၁/၂' x ၈၁/၂'	၀	
	ကြိုပင်ကောက်	ဘော်ဘင် (၁၅)	၁/၈၂	ကျွန်း	၂၅၀	၈၁/၂' x ၈၁/၂'	၀	
	နတ်တလင်း	ဘော်ဘင် (၉၂)	၁/၈၂	ကျွန်း	၂၀၀	၈၁/၂' x ၈၁/၂'	၀	
		ဘော်ဘင် (၈၁)	၂/၈၂	ကျွန်း	၃၀၀	၈၁/၂' x ၈၁/၂'	၀	
	နှစ်စဉ်စိုက်ကွက်(၂)ပေါင်း				**၂၀၀၀**		**၂၄၀**	
၃	သာယာဝတီ	သုံးဆယ် (၆၉)	၁/၈၃	ကျွန်း	၁၀၀	၈၁/၂' x ၈၁/၂'	၀	
	လက်ပံတန်း	ညောင်ပင်ဧင်း (၄၅)	၃/၈၃	ကျွန်း	၁၅၀	၈၁/၂' x ၈၁/၂'	၇၅	
		ညောင်ပင်ဧင်း(၄၃)	၄/၈၃	ကျွန်း	၁၀၀	၈၁/၂' x ၈၁/၂'	၅၀	
		ညောင်ပင်ဧင်း (၄၃၊၄၄)	၅/၈၃	ကျွန်း	၁၅၀	၈၁/၂' x ၈၁/၂'	၈၅	
		ညောင်ပင်ဧင်း(၄၄)	၆/၈၃	ကျွန်း	၁၀၀	၈၁/၂' x ၈၁/၂'	၂၅	
		ကဒင်ဘီးလင်း (၂)	၇/၈၃	ကျွန်း	၂၀၀	၈၁/၂' x ၈၁/၂'	၅၅	
	မင်းလှ	မင်းလှ (၈)	၁/၈၃	ကျွန်း	၁၅၀	၈၁/၂' x ၈၁/၂'	၀	
		မင်းလှ (၁၃)	၂/၈၃	ကျွန်း	၁၅၀	၈၁/၂' x ၈၁/၂'	၀	
	အုတ်ဖို	ဂမုန်း (၇၃၊၈၁)	၁/၈၃	ကျွန်း	၂၅၀	၈၁/၂' x ၈၁/၂'	၀	

နှစ်စဉ်စိုက်ကွက်	မြို့နယ်	စိုက်ခင်းတည်နေရာ	စိုက်ခင်းအမှတ်	သစ်မျိုး	ဧရိယာ(ဧက)	ပန္နက်အကွာအဝေး	လက်ရှိဧရိယာ(ဧက)(၂၀၁၉)ခုနှစ်	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)
